ဓမ္မပဒ box:

## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၂၅)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၉ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းဖွင့်ပွဲနှင့် တပ်မတော်(ရေ)စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၈**

တပ်မတော်(ရေ)မှ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်း ဖွင့်ပွဲအခမ်းအနား၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရေခင်းမင်္ဂလာအခမ်းအနားနှင့်စစ်ရေယာဉ်များတပ်တော်ဝင်ခြင်း အခမ်းအနားများအား ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းတည်ဆောက်ရေးအလုပ်ရုံနှင့် ရေတပ်ဆိပ်ခံတံတားတို့၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားများသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ **စာမျက်နှာ ၁၆ ကော်လံ ၁** ✭




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၉ ရက်)

# တရားမျှတမှုနှင့်အခွင့်အရေးများရရှိရေး

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ ဆောင်ပုဒ်မှာ "တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက်ဆောင်ရွက်ပေး" (Rights. Justice. Action. For All Women and Girls) ဟူ၍ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့သည် အမျိုးသမီးများ၏ အခွင့်အရေးနှင့်စွမ်းဆောင်နိုင်မှုများကို ပိုမိုအာရုံစိုက်မိလာစေရန်နှင့် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးအနက်ထား အကောင်အထည်ဖော်လာစေရန်ရည်ရွယ်ခြင်းဖြစ်သည်။ အမျိုးသမီးများသည်အမျိုးသားများနှင့်တန်းတူညီမျှသည့်အခွင့်အရေးရရှိနေကြပြီဖြစ်သည်။

သို့သော် အတိတ်ကာလက ဤသို့သောအခြေအနေမျိုးမဟုတ်ခဲ့ပေ။ တချို့သောနိုင်ငံများတွင်လည်း အမျိုးသမီးများ၏အခွင့်အရေးနှင့်ပတ်သက်၍ ကန့်သတ်ထားခြင်းခံရသည်မျိုးရှိနေသည်။ ကမ္ဘာကြီးတိုးတက်ထွန်းကားလာခြင်းနှင့်အတူ အမျိုးသမီးများအနေဖြင့် ကဏ္ဍအသီးသီးတွင်ပါဝင်စွမ်းဆောင်ခွင့်ရရှိလာကြပြီဖြစ်သည်။ နိုင်ငံရေး၊စီးပွားရေးကိစ္စရပ်များတွင် အမျိုးသမီးများပါဝင်ထမ်းဆောင်ခွင့်ရရှိလာခြင်းနှင့်အတူ တရားဥပဒေ၏အကာအကွယ်ပေးမှုကိုလည်းရရှိနေပြီဖြစ်သည်။

တရားမျှတမှုနှင့်အခွင့်အရေးဆိုသည်မှာ လူသားတိုင်းတန်းတူရရှိမည့်အရာဖြစ်သည်။ မြန်မာနိုင်ငံတွင် မြန်မာအမျိုးသမီးအများစုမှာ မိသားစုအတွင်းသာမက နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင်ပါ အမျိုးသားများနှင့်တန်းတူ အကျိုးပြုနိုင်သူများဖြစ်ကြသည်။ အထူးသဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာကဏ္ဍများမှာပင် အမျိုးသမီးများပါဝင်ထမ်းဆောင်ခွင့်ပေးထားသည်မှာ အမျိုးသမီးများ၏အခွင့်အရေးကို အပြည့်အဝပေးအပ်ထားခြင်းဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရယူပိုင်ခွင့်ပေးရမည်"ဟူ၍ပြဋ္ဌာန်းထားသည်။ပုဒ်မ၃၅၀တွင် "အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသောအခွင့်အရေးနှင့်လစာတို့ကိုခံစားခွင့်ရှိသည်" ဟူ၍လည်း ပြဋ္ဌာန်းထားသည်။ ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့်နည်းပညာရပ်များရှာဖွေဖော်ထုတ်မှု စသည့်လုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း အမျိုးသမီးများမှာ တူညီသောအခွင့်အလမ်းရရှိနေပြီဖြစ်သည်။

ကမ္ဘာ့လူဦးရေစုစုပေါင်း၏ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နိုင်ငံ့လူဦးရေစုစုပေါင်း၏ ထက်ဝက်ကျော်မှာ အမျိုးသမီးများပင်ဖြစ်ရာ အများစုသော လူသားများဖြစ်ကြသည့်အမျိုးသမီးတို့အား ပေးအပ်ထားသည့် တရားဝင်အခွင့်အရေးတို့မှာ လက်တွေ့ဘဝတွင် ၎င်းတို့ကြုံတွေ့နေကြရသည့်အခြေအနေများနှင့်ကွာဟမနေသင့်ဘဲ တစ်ထပ်တည်းကျခံစားရရှိနေသင့်သည်။ ကျား-မ အခြေပြုအကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ပေးရေး၊ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု၊ ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှု၊ အကြမ်းဖက်မှုမှလွတ်မြောက်လာသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များပြန်လည်ထူထောင်မှု စသည်တို့အတွက် လိုအပ်သည့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိအမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားလာစေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း ဒုတိယသက်တမ်း(၂၀၂၃-၂၀၃၂)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာ့လူဦးရေ၏ထက်ဝက်ကျော်ရှိနေသည့် အမျိုးသမီးများနှင့်ပတ်သက်၍ အမျိုးသမီးများ၏စွမ်းဆောင်ရည်ကိုအသုံးပြုနိုင်ရန်နှင့် စွမ်းဆောင်မှုပိုမိုမြှင့်တင်ပေးရန် နိုင်ငံတော်ကစဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအရှိန်အဟုန်နှင့်အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာများမှာ အမျိုးသမီးများပါဝင်ခွင့်ရရှိစေရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဆောင်ပုဒ်ဖြစ်သည့် "တရားမျှတမှုနဲ့အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက်ဆောင်ရွက်ပေး" နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများနှင့်ပတ်သက်၍ အမျိုးသမီးများအပေါ်ကျူးလွန်သည့်ပြစ်မှုများ၊ လူကုန်ကူးမှုများ၊ အဓမ္မမှုကျူးလွန်သည့်ပြစ်မှုများအား ကြီးလေးသောပြစ်ဒဏ်များချမှတ်လျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုကင်းမဲ့ခြင်းမျိုးကိုလက်မခံသကဲ့သို့ အမျိုးသမီးများ၏တရားမျှတမှုနှင့်အခွင့်အရေးရရှိရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

( က ) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

( ဃ ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

## ဖျာပုံခရိုင်အတွင်း နွေစပါးစိုက်ဧက ၁၁၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ဖျာပုံ မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ နွေစပါးစိုက်ဧက ၁၁၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖျာပုံခရိုင်အတွင်း နွေစပါးကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ၂၆ ဒသမ ၇၆ ရာခိုင်နှုန်း ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၁၂ ဒသမ ၀၇ တင်းထွက်ရှိသည်။ နွေစပါးကို ဖျာပုံမြို့နယ်၌ ၉၁၀၄၂ ဧက၊ ဘိုကလေးမြို့နယ်၌ ဧက ၁၁၂၁၃၀၊ ကျိုက်လတ်မြို့နယ်၌ ၁၃၁၀၇၅ ဧက၊ ဒေးဒရဲမြို့နယ်၌ ဧက ၇၆၇၈၀ တို့ကိုအသီးသီးစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရိတ်သိမ်းပြီးစပါးများအား ရိတ်သိမ်းချိန်လေလွင့်မှုမရှိစေရေးဂရုပြုရန်၊ အထွက်နှုန်းများကို စနစ်တကျ မှတ်တမ်းများထားရှိရေး၊ ကောင်းမွန်သည့်စပါးမျိုးများရွေးချယ်ရေး၊ ထွက်ရှိလာသောစပါးများ အရည်အသွေးပြည့်ဝစေရေး စသည့်အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၇)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး |
| ၃။ | ၀၇:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် |
| ၅။ | ၀၉:၄၅ | တွေးမယ်ဖြေမယ် |
| ၆။ | ၁၀:၃၅ | မွေးမြူသုတ |
| ၇။ | ၁၁:၂၅ | တစ်ချိန်ကသူတို့အကြောင်း |
| ၈။ | ၁၂:၁၅ | လေးစားအတုယူစံနမူ သူရဲကောင်းများ |
| ၉။ | ၁၃:၂၅ | အမှတ်တရနေ့ရက်များ |
| ၁၀။ | ၁၆:၄၅ | မျိုးချစ်တပ်မတော် |
| ၁၁။ | ၁၇:၂၅ | သီချင်းလက်ဆောင် |
| ၁၂။ | ၁၈:၂၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၃။ | ၁၉:၀၀ | **(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၁၂) သရုပ်ဆောင် ခန့်စည်သူ၊ ဖိုးသောကြာ၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ-အကယ်ဒမီ တင်အောင်စိုး(ပန်းမြို့တော်)** |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၁-၇၃၉၉၈၊ ဖက်စ် ၀၆၁-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၁-၇၄၀၀၆၊ ၀၆၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။


ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၆၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငှက်ပျောသီးအဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



အိမ်မဲ မတ် ၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငှက်ပျောသီးအဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ်၌ ငှက်ပျောသီးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီရီဝင်း၏ပြောပြချက်အရ သိရသည်။

အိမ်မဲမြို့နယ်မှ ဒေသထွက်ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့်ဇန်နဝါရီလတစ်လအတွင်း ငှက်ပျောသီးအဖီးရေ ၅၅၀၀၀၀ ခန့်သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်အထိ တစ်လအတွင်း ငှက်ပျောသီးအဖီးရေ ၈၅၀၀၀၀ ခန့်အထိတင်ပို့ရောင်းချခဲ့ရကြောင်း၊ ထိုသို့တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများတွင် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေးနှင့် ဆင်စွယ်ငှက်ပျောများကို အများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို အိမ်မဲမြို့နယ်ကနေထွက်ရှိတဲ့ ငှက်ပျောသီးတွေ တင်ပို့အားကောင်းနေပါတယ်။ ဒေသထွက်သီးနှံတွေကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ငှက်ပျောသီးကို ရေလမ်းကြောင်းအပြင် ကုန်တင်ယာဉ်တွေနဲ့လည်း တင်ပို့နေရပါတယ်။ ငှက်ပျောသီးတွေက ပြည်တွင်းမှာကို ဝယ်လိုအားများနေတာပါ။ ဖေဖော်ဝါရီလတစ်လအတွင်း ငှက်ပျောသီးအဖီးရေအများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိငှက်ပျောသီးဈေးကလည်း အရင်ကထက်ကောင်းလာပါတယ်" ဟု ဒေါ်ရီရီဝင်းကပြောသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများမှာ အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

**သုတကျော်**

# မိတ္ထီလာမြို့နယ်၌ ဆောင်းကြက်သွန်နီများ သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်

မိတ္ထီလာ မတ် ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ဆောင်းကြက်သွန်နီ ၁၅၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှကြီးကြပ်၍ မြို့နယ်အတွင်း ကြက်သွန်နီစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်း ဆောင်းကြက်သွန်နီ ၁၄၃၉ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ၁၅၈၇ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် စိုက်ဧကပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်း၍ လိုအပ်သည့်နည်းပညာများ ပံ့ပိုးကူညီကာ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၆၀၂)**

# ကျောင်းသား ကျောင်းသူများ ကွန်ပျူတာကို အခြေခံမှစ၍ ကျွမ်းကျင်တတ်မြောက်စေရေး အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်

ထားဝယ် မတ် ၈

ကျောင်းသား၊ ကျောင်းသူများ ကွန်ပျူတာကို အခြေခံမှစ၍ ကျွမ်းကျင်တတ်မြောက်စေရေးရည်ရွယ်၍ ကွန်ပျူတာအခြေခံသင်တန်းကို မတ်လ ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်က နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မျိုးဆက်သစ်လူရည်ချွန်များ ထွက်ပေါ်လာစေရန်၊ မှတ်ဉာဏ်အား ကောင်းလာစေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ကွန်ပျူတာအခြေခံသင်တန်း ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာပညာရပ်သည် ကမ္ဘာပေါ်၌ အလေးပေးသင်ကြားနေသော ပညာရပ်တစ်ခုဖြစ်ကြောင်း၊ ကွန်ပျူတာတတ်မြောက်ကျွမ်းကျင်မှုသည် ယနေ့အချိန်အခါတွင် မရှိမဖြစ်လိုအပ်နေပြီဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ကွန်ပျူတာတတ်မြောက်ထားရန်လိုအပ်ကြောင်း၊ ယနေ့ခေတ် အလုပ်ခေါ်ဆိုမှုများတွင် ကွန်ပျူတာအခြေခံကို ကျွမ်းကျင်စွာ တတ်မြောက်ထားသူနှင့် မတတ်မြောက်ထားသူ၏အခွင့်အလမ်းသည် များစွာကွာခြားကြောင်း ပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်နှင့် တာဝန်ရှိသူတို့က Computer Typing၊ Mouse Skill၊ English & Myanmar Typing လက်ကွက်ကျွမ်းကျင်မှု၊ About Computer System နှင့် Microsoft Word စသည့် ဘာသာရပ်များကို သင်ကြားပြသပေးကြသည်။

အဆိုပါသင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၄၅ ဦးတက်ရောက်ကြပြီး စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# မန္တလေးဈေးကွက်အတွင်း ရာသီပေါ်မန်ကျည်းသီးမှည့်များ ဈေးကောင်းရရှိပြီး အရောင်းအဝယ်သွက်လျက်ရှိ

မန္တလေး မတ် ၈

မန္တလေးဈေးကွက်အတွင်း ပြည်တွင်း၊ ပြည်ပဝယ်လိုအားရှိသော ရာသီပေါ်မန်ကျည်းသီးမှည့်များ ဈေးကောင်းရရှိပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ သီးနှံပွဲရုံများမှ သိရသည်။

မြန်မာနိုင်ငံအထက်ပိုင်းဒေသများဖြစ်သည့် ရမည်းသင်း၊ ပခုက္ကူ၊ ပုပ္ပား၊ ကျောက်ပန်းတောင်း စသည့်ဒေသများမှထွက်ရှိသော မန်ကျည်းသီးမှည့်များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိပြီး လက်ရှိတွင် မန်ကျည်းသီးမှည့်များ စပေါ်ချိန်ဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် ဈေးကောင်းရရှိနေသဖြင့် မန်ကျည်းပင်များစိုက်ပျိုးထားသော ကျေးလက်ဒေသများမှ ဒေသခံများအနေဖြင့် မိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိသည်။

"အညာဒေသမှာ အခုလို နွေဦးပေါက်ရာသီက နှစ်စဉ်မန်ကျည်းသီးခူးဆွတ်တဲ့ရာသီဖြစ်ပါတယ်။ မန်ကျည်းပင်အများစုက ဘိုးဘွားမိဘတွေ စိုက်ပျိုးခဲ့ကြတာဖြစ်ပါတယ်။ အညာဒေသကတောင်သူတွေအနေနဲ့ မိရိုးဖလာထုံးစံအတိုင်း ဆောင်းသီးနှံတွေရိတ်သိမ်းပြီးတဲ့အခါမှာ အနားမနေဘဲ အခုလို မန်ကျည်းသီးပေါ်ချိန်မှာ မန်ကျည်းသီးမှည့်တွေ ခူးဆွတ်ရောင်းချကြပါတယ်။ ပြည်တွင်းမှာ မန်ကျည်းသီးမှည့်ကို ဟင်းချက်ရာမှာအသုံးပြုကြသလို မြန်မာတိုင်းရင်းဆေးတွေမှာလည်း ထည့်သွင်းအသုံးပြုကြပါတယ်"ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံ ပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

လက်ရှိ မန္တလေးဈေးကွက်၌ အစေ့လွတ်မန်ကျည်းသီးမှည့်နှင့် အစေ့ပါမန်ကျည်းသီးမှည့်များ၏ဈေးနှုန်းမှာ မန်ကျည်းသီး၏ အရည်အသွေး၊ အစို၊ အခြောက်အခြေအနေနှင့် ထွက်ရှိသော ဒေသပေါ်မူတည်ကာ အနည်းငယ်ကွာခြားမှုရှိကြောင်း၊ မန်ကျည်းသီးမှည့်ကို ပြည်တွင်းစားသုံးမှုသာမက အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ် စသည့်ပြည်ပနိုင်ငံတို့သို့လည်းတင်ပို့ကာ နိုင်ငံခြားဝင်ငွေရရှိနေပြီး ယခုအခါ မန်ကျည်းသီးသာမက မန်ကျည်းစေ့ကိုပါ တရုတ်နိုင်ငံမှကုန်သည်များက ဝယ်ယူနေကြကြောင်းနှင့် လက်ရှိတွင် အညာဒေသများမှ မန်ကျည်းသီးမှည့်ခူးဆွတ်ရောင်းချသူအများစုသည် မန္တလေးမြို့ (၈၄) လမ်းနှင့် (၈၅) လမ်းကြားရှိ မန်ကျည်းသီးပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ကိုကိုကလည်းဟယ် ဒီနေ့မှ ဘယ်သွားတယ် မသိဘူး၊ ကိုတင်မောင်ဌေးကြီး လာခေါ်သွားလို့ ပါသွားတာဟ'

'ကိုကို မရှိရင် ငါမလာရတော့ဘူးလား မာညိုရယ်'

'ဟုတ်ပါဘူး၊ နင်ကလဲ'

သူတို့ အခန်းကျဉ်းလေးသည် စာရွက်လိပ်များ၊ စက္ကူဖြတ်စများ၊ ခဲတံ၊ ဆက်စကွဲယား၊ မင်အိုး၊ ပေတံ၊ ပုံဆွဲကိရိယာအမျိုးမျိုးနှင့် ရှုပ်ပွနေသည်။ ခုတင်ပေါ်တွင်လည်း အိပ်စရာနေရာမပြောနှင့် ထိုင်စရာပင်နေရာတစ်နေရာလေးမျှမကျန်ချေ။ တိုလီမုတ်စ ပုံဆွဲစာရွက်အကြီး၊ အသေး အရွယ်မျိုးစုံနှင့်ပင် ပြည့်နေသည်။

'ပုံစံက ဘယ်တော့တင်ရမှာလဲ'

'နက်ဖြန်နံနက်'

'ပြီးပါ့မလား'

'ပြီးအောင်ဆွဲရမှာပေါ့ မိသက်ရယ်'

'နင်တို့ ဒီည ဘယ်အိပ်ရတော့မလဲ'

'ဘယ်အိပ်ရမလဲ၊ မိုးလင်းမှာပဲ'

အမာညိုသည် တကုပ်ကုပ်ရေးဆွဲနေရင်းမှ ဝါးခနဲသမ်းဝေလိုက်သည်။ ထို့နောက် ခါးကိုဆန့်ပြီး လက်သီးဆုပ်လေးနှင့် သူ့ခါးကိုသူ နောက်ပြန်ထုနေသည်။

ပေါက်ကျိုင်းကမူ အညောင်းပင်မဆန့်အားချေ။ စွပ်ကျယ်ချိုင်းပြတ် ခေါင်းစုတ်ဖွားနှင့် တကုန်းကုန်းရေးဆွဲနေလိုက်သည်မှာ ပုံဆွဲစာရွက်ထဲသို့ သူ့မျက်နှာနစ်ဝင်သွားတော့မလားဟုပင် ထင်မှတ်ရလေသည်။

'ငါ့ဒီဇိုင်းက အယ်လီဗေးရှင်းသာ ကောင်းတာ၊ ပလဲန်က သိပ်မကောင်းဘူး၊ သူ့ဒီဇိုင်းက ပိုကောင်းတယ်မိသက်ရဲ့၊ ဆက်ရှင်ဖြတ်လိုက်တော့မှ ပေါ်လာမှာ၊ တကယ့်ကို အော်ဂင်းနစ်အာကီတက်ချာပဲ၊ မိစ်ဗင်ဒါရိုးလ်ရဲ့ အိုင်ဒီယာမျိုး'

'တော်စမ်းပါ မာညိုရယ်၊ နင့်အော်ဂင်းနစ်တွေ၊ မိစ်ဗင်ဒါရိုးလ်တွေ ငါနားမလည်ပါဘူး၊ မြန်မာလိုပြောစမ်း'

'အင်း ဒါဆိုရင် ဒီလို၊ ငါ့ရဲ့ပုံစံက မတ်ရပ်ပုံသာကောင်းတာ၊ ပန္နက်က သိပ်မကောင်းဘူးတဲ့၊ သူ့ရဲ့ပုံစံက မတ်ရပ်ပုံသိပ်မလှပေမယ့် ဖြတ်ပိုင်းပုံကျတော့မှ တကယ်ကောင်းမှန်းသိတာ၊ ပန္နက်ပုံက ပတ်ဝန်းကျင်နဲ့ အဆင်ပြေလိုက်လျော'

'တော်တော့ဟာ မြန်မာလိုပြောမှ ပိုရှုပ်သေးတယ်'

သူတို့နှစ်ဦးသား ရယ်လိုက်ကြသည်။ ပုံဆွဲစာရွက်ထဲ ကျွမ်းစိုက်ဝင်နေသော ပေါက်ကျိုင်းကလည်း ဟားခနဲရယ်လေသည်။ တစ်ဦး၏ ကျွမ်းကျင်ရာဘာသာကို တစ်ဦးနားမလည်သည်ကတော့ မဆန်းလှပေ။ သက်သက်တို့ သူနာပြုအချင်းချင်းပြောသောစကားများကိုလည်း တစ်ခါတစ်ရံ အမာညို နားမလည်ပေ။

အမာညိုသည် ရယ်နေရင်းမှ သူ့နားထင်ကို သူ လက်ဖြင့်ဖိထားလိုက်သည်။

'ငါ အိပ်ရေးပျက်လို့လားမသိဘူး၊ ရိပ်ခနဲ ရိပ်ခနဲ မူးတယ် မိသက်ရယ်'

'သံပရာရည်သောက်မလားဟင်'

'နင်ဖျော်ပေးမလားဟင်၊ များများဖျော်ခဲ့ပါဟာ'

သက်သက်သည် ရှုပ်ပွနေသော သူတို့၏အခန်းလေးထဲမှထွက်လာခဲ့သည်။ ထို့နောက် မီးဖိုချောင်ဘက်သို့တန်း၍ဝင်လာသည်။ အမာညိုတို့အိမ်သည် သက်သက်အတွက် တံခါးမရှိ၊ ဓားမရှိ ပိုင်ပိုင်နိုင်နိုင်ဖြစ်နေချေပြီ။

မီးဖိုချောင်တွင် တစ်ဦးမျှရှိမနေပေ။ လူကြီးသုံးဦးလည်း အိမ်ပေါ်ထပ်သို့ရောက်နေပြီဖြစ်လေသည်။ သက်သက်သည် ဖန်ချိုင့်ကိုဆေးလိုက်ပြီး သကြားပုံးထဲမှ သကြားများကို ခပ်ယူလိုက်သည်။ သံပရာသီးမရှိသော်လည်း ရှောက်သီးတစ်ခြမ်းတွေ့၍ ရှောက်သီးဖျော်ရည်ပင် ဖျော်ရန်ဆုံးဖြတ်လိုက်သည်။

'မမသက် ဘာလုပ်နေတာလဲ'

ညီလင်းညိုသည် မီးဖိုခန်းသို့ဝင်လာသည်။ ရေအိုးစင်ဆီသို့ တန်းသွားပြီး ရေကိုနှစ်ခွက်ဆင့်သောက်နေသည်။

> **"ညီလင်းက ရင့်ကျက်သောအပြုံးကိုကြိုးစား၍ ပြုံးသည်။ ထို့နောက် စုလှိုင်ကိုသတိရနေသည်။ စုလှိုင်ဆီသို့ သူတယ်လီဖုန်းဆက်သေးသည်။ ပထမတစ်ခါ၊ နှစ်ခါ ဖုန်းခွက်ကိုကိုင်ပြီးမှ ပြန်ချခဲ့သည်။ ထို့နောက် နံပါတ်လှည့်ပြီးမှ ပြန်ချခဲ့သည်။ အကြိမ်ကြိမ်အားယူပြီး အောင်အောင်မြင်မြင်ဆက်ဖြစ်ခဲ့သောအခါကား စုလှိုင်နှင့် တိုက်ရိုက်တွေ့လေသည်။ စုလှိုင်၏အသံကို သူအသေအချာမှတ်မိသည်။ သို့သော် အသံရှင်စုလှိုင်က 'စုလှိုင် မရှိပါဘူး၊ အပြင်ထွက်သွားတယ်' ဟုပြောကာ ဖုန်းခွက်ကို ချပစ်လိုက်လေသည် ..."**

'ဖျော်ရည်ဖျော်မလို့ ညီလင်း သောက်ဦးမလား'

'ရေခဲမှမပါဘဲ မသောက်ချင်ဘူး'

'တော်တော် အကောင်းကြိုက်တတ်ပါလား ကိုညီလင်းညိုရဲ့'

ညီလင်းညိုသည် ဘာမျှပြန်မပြောဘဲ ထမင်းစားပွဲတွင်ဝင်၍ ထိုင်လိုက်သည်။ သက်သက်သည် သကြားရည်ကို ဇွန်းနှင့်ခေါက်နေရင်း ညီလင်းကိုလှမ်း၍ကြည့်နေသည်။

'ညီလင်း ခုတလော နေကောင်းရဲ့လား'

'ကောင်းပါတယ် ဘာဖြစ်လို့လဲ'

'သြော် ကြည့်ရတာ ညှဉ်းဆိုးဆိုးဖြစ်နေလို့၊ ဆံပင်ရှည်နေလို့များလားမသိဘူး၊ နည်းနည်းညှပ်ပါဦး'

'အစ်မရယ် ဆံပင်က တမင်အရှည်ခံထားရတာပါ'

'ရင့်ရော်ရော်ကြီး ညီလင်းရဲ့'

'လူကြီးဖြစ်ပြီပဲ မမသက်ရယ် ရင့်ပါစေ'

ညီလင်းက ရင့်ကျက်သောအပြုံးကို ကြိုးစား၍ပြုံးသည်။ ထို့နောက် စုလှိုင်ကိုသတိရနေသည်။ စုလှိုင်ဆီသို့ သူ တယ်လီဖုန်းဆက်သေးသည်။ ပထမ တစ်ခါ၊ နှစ်ခါ ဖုန်းခွက်ကိုကိုင်ပြီးမှ ပြန်ချခဲ့သည်။ ထို့နောက် နံပါတ်လှည့်ပြီးမှ ပြန်ချခဲ့သည်။ အကြိမ်ကြိမ်အားယူပြီး အောင်အောင်မြင်မြင်ဆက်ဖြစ်ခဲ့သောအခါကား စုလှိုင်နှင့်တိုက်ရိုက်တွေ့လေသည်။ စုလှိုင်၏အသံကို သူအသေအချာမှတ်မိသည်။ သို့သော် အသံရှင်စုလှိုင်က 'စုလှိုင် မရှိပါဘူး၊ အပြင်ထွက်သွားတယ်' ဟုပြောကာ ဖုန်းခွက်ကို ချပစ်လိုက်လေသည်။

'ဖျော်ရည်တွေ များလှချေလား'

'အမာညိုလေ အိပ်ပျက်ပြီး မူးလို့တဲ့'

'သူတို့လည်း ပင်ပန်းလိုက်တာနော် မသက်သာဘူး၊ မနေ့ညကလည်း မိုးလင်းရော'

'အေးဟယ်'

'ဒီနေ့ နွေသူရိန်ကတောင် မေးသေးတယ်၊ မမသက်နဲ့ကိုကို ဘယ်တော့ လက်ထပ်ကြမှာလဲတဲ့'

သက်သက်သည် နွေသူရိန်ကို သတိရမိသောအခါ စိတ်မကောင်းဖြစ်မိလေသည်။ သူ့ကိုတမ်းတ၍ စပ်ဆိုခဲ့သောကဗျာများသည် ရင်ခုန်ဖွယ်ရာကောင်းသည်ကတော့ အမှန်ပင်။ ကိုကို့ကိုသာ ဦးစွာမချစ်ခဲ့လျှင် ထိုကဗျာဆရာလေးကို သက်သက် လက်ခံမိချင် လက်ခံမိမည်ဖြစ်သည်။

'ခဏနေရင် ဒို့ပြန်တော့မယ်၊ ညီလင်းလိုက်ပို့ပေးမလား'

'ဟင် ကိုကို့ကို မစောင့်တော့ဘူးလား'

'စောင့်တော့ဘူး၊ ရှစ်နာရီကျော်နေပြီ ညီလင်းရဲ့၊ တော်ကြာ မိုးချုပ်နေရင် ဖေဖေကကြိုက်မှာမဟုတ်ဘူး'

'ဒီလိုဆို ပြန်လေ၊ လိုက်ပို့ပေးမှာပေါ့'

သက်သက်က ဖျော်ရည်ဖန်ချိုင့်ကိုယူလာသောအခါ ညီလင်းညိုသည် အစ်မနှင့်ယောက်ဖအတွက် ဖန်ခွက်နှစ်လုံးကိုင်ကာ နောက်ဘက်မှ လိုက်လာသည်။

အခန်းထဲတွင်တော့ ပုံစံပြောင်းနေသည်။ တကုန်းကုန်းရေးဆွဲနေသူနှစ်ဦးသည် စားပွဲနားတွင် မရှိကြတော့ပေ။ အခန်းထောင့်တွင် အမာညိုက ငုတ်တုတ်လေးထိုင်ကာ တဝေ့ဝေ့ထိုးအန်နေသည်။ သူ့ဘေးတွင် ပေါက်ကျိုင်းက ခြေမကိုင်မိ၊ လက်မကိုင်မိနှင့် ဝိုင်းကြီးပတ်ပတ်ကနေလေသည်။

'ဟင် မာညို၊ ဘာဖြစ်လို့လဲ'

သက်သက်က သူ့ကျောလေးကို ပြေးကာဖိပေးလိုက်သည်။ အမာညိုကိုယ်စား ပေါက်ကျိုင်းက ပြုံးတုံးပြုံတဲအဖြေပေးသည်။

'ညနေက မှျစ်ချဉ်တွေအများကြီးစားတယ်လေ၊ သခွားသီးတွေရော၊ အစာမကြေဘူး ထင်တယ်'

ညီလင်းက အဝတ်စုတ်တစ်ခုပြေးယူကာ ကြမ်းပေါ်မှသူ့အစ်မ၏ အန်ဖတ်များကို မရွံ့မရှာသုတ်ပေးလေသည်။

'ရင်ထဲက ပျို့ပျို့လာတယ်ဟယ်၊ ငါ အရင်ကလည်း မှျစ်ချဉ်စားတာပဲ၊ ဒီလိုမဖြစ်ပါဘူး'

အမာညိုက မောသံလေးနှင့်ပြောကာ ပေါက်ကျိုင်းလှမ်းပေးသော ဖျော်ရည်ကို တစ်ကျိုက်ချင်းသောက်နေသည်။ နားထင်နားရင်းလေးများ မသိမသာကျနေသော အမာညို့ကိုကြည့်ရင်း သက်သက်သည် သူ့လက်မောင်းကိုလှမ်း၍ဆုပ်ကိုင်လိုက်သည်။ ထို့နောက် တိုးတိုးလေးမေးသည်။

'ဟင် ငါလည်းသတိမထားမိဘူး၊ ဟုတ်တယ်၊ အင်း ဟုတ်တယ်၊ ရက်တော့လွန်နေပြီ၊ အေးဟဲ့ အများကြီးလွန်နေပြီ။ ဒါကဖြစ်တတ်တာပဲ၊ ငါ ဖန်ခါးသီးတွေစားထားတယ် မိသက်ရဲ့'

**ဆက်လက်ဖော်ပြပါမည်။**

# ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းရှစ်သောင်းခန့်တင်ပို့ထား

ရန်ကုန် မတ် ၈

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းရှစ်သောင်းခန့် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ သိရသည်။

ထိုသို့တင်ပို့ရာတွင် ပြည်ပပို့ကုန်ကုမ္ပဏီ ၅၆ ခုမှ ဆန်တန်ချိန် ၁၀၄၈၆၁ ဒသမ ၅ တန်နှင့် ဆန်ကွဲတန်ချိန် ၇၃၃၃၀ တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ဆန်နှင့်ဆန်ကွဲကို ပြည်ပသို့ တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့ခဲ့ခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃ သန်း တင်ပို့နိုင်ရန်လျာထားကြောင်း သိရသည်။

ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ ဆန်တင်ပို့ရာတွင် တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ ပိုလန်၊ မဒါဂတ်စကားနိုင်ငံတို့သို့ တန်ချိန်အများဆုံးတင်ပို့ခဲ့ပြီး စုစုပေါင်း နိုင်ငံ ၃၀ သို့ တင်ပို့ခဲ့ကြောင်း၊ ဆန်ကွဲကို တရုတ်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန်နှင့် ဗြိတိန်နိုင်ငံတို့သို့ အများဆုံးတင်ပို့ခဲ့ကာ စုစုပေါင်း ၁၅ နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

နိုင်ငံတကာဈေးကွက်သို့ ပြည်တွင်းမှ ဆန်တင်ပို့ရာတွင် ဧည့်မထ၊ ငစိန်အုပ်စုဝင်များဖြစ်သည့် ဆင်းသုခ၊ သီးထပ်ရင်၊ ရတနာတိုး၊ ငစိန်၊ ရာကျော်၊ ကရင်မ၊ ထွန်းပု၊ ဧယာ၊ ငွေတိုး၊ မင်းရော၊ ရွှေမန်း စသည့် ဆန်ကြမ်းများကို အဓိကတင်ပို့ကြောင်း သိရသည်။

ဝါဝါ



# နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၁)

မင်းခန့်

နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့အတွက် နိုင်ငံသားတိုင်း နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းဟာ အလွန်မွန်မြတ်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ပဲဖြစ်ပါတယ်၊ဒီလိုဂုဏ်ယူဖွယ်ကောင်းတဲ့အမျိုးသားရေးတာဝန်ကို အသက်အရွယ်အရ အကျုံးဝင်သူတွေ တာဝန်သိစိတ်နဲ့ ထမ်းဆောင်ခွင့်ရရှိစေဖို့အတွက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အသက်သွင်းခဲ့ပါတယ်။ အဲဒီနောက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို အောင်မြင်စွာ စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်၊ ယခုအခါမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြတဲ့ အဆိုပါပထမဆုံးအသုတ်ပြည်သူ့စစ်မှုထမ်းတွေဟာ သတ်မှတ်ကာလပြည့်မြောက်တော့မှာဖြစ်လို့ မကြာမီအချိန်အတွင်းမှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ အိမ်အပြန်ခရီးကို စတင်ကြတော့မှာဖြစ်ကြောင်း သတင်းကောင်းကြားသိရပါတယ်၊

**အိမ်အပြန်ခရီးလမ်းကို စတင်တော့မယ့် တာဝန်ကျေပြည်သူ့စစ်မှုထမ်းတွေရဲ့ စွမ်းဆောင်ချက်တွေဟာ နိုင်ငံတော်လုံခြုံရေးအတွက် အလွန်အရေးပါတဲ့ အလှည့်အပြောင်းတစ်ခုအဖြစ် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သလို သူတို့ရဲ့စွန့်လွှတ်ပေးဆပ်မှုနဲ့ ရဲရင့်မှုတွေက “နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ အမြဲတမ်းစစ်မှုထမ်းတပ်မတော်သားတွေသာမက နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တယ်” ဆိုတဲ့ အနှစ်သာရကို ပီပြင်စွာဖော်ညွှန်းပြသနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့သူတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၈၅)မှာ ပြဋ္ဌာန်းထားတဲ့ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်” ဆိုတဲ့ နိုင်ငံသားတို့ရဲ့ မူလတာဝန်ကိုလည်း လက်တွေ့ကျကျ ရှေ့ဆောင်လမ်းပြ လုပ်ဆောင်ခဲ့ကြသူတွေပဲဖြစ်ပါတယ်။**

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့စစ်မှုထမ်းတွေကို စတင်ဆင့်ခေါ်တဲ့ လုပ်ငန်းစဉ်ကစလို့ သင်တန်းတက်ရောက်ခြင်း၊ တာဝန်ထမ်းဆောင်ခြင်းနဲ့ တာဝန်ပြီးဆုံးချိန် ဂုဏ်ယူဖွယ်ရာ အိမ်အပြန်ခရီးလမ်းအထိ အဆင့်တိုင်းအတွက် ဥပဒေ၊ နည်းဥပဒေနဲ့ လုပ်ငန်းစဉ်တွေကို အသေးစိတ်ရေးဆွဲစီမံပြီး စနစ်တကျလုပ်ဆောင်ပေးလျက်ရှိပါတယ်။ ပြည်သူ့စစ်မှုထမ်းတွေကို စတင်ဆင့်ခေါ် စုဆောင်းရာမှာ နိုင်ငံတော်အကြီးအကဲရဲ့ **“စည်းကမ်းတကျ ဆင့်ခေါ်မှုကို အလေးထားရန်”** ဆိုတဲ့ လမ်းညွှန်ချက်နဲ့အညီ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေအတိုင်း အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့တွေက အထူးအလေးထား ဆောင်ရွက်နေကြပါတယ်။ အကယ်၍ ဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွေမှာ ဥပဒေကိုလက်တစ်လုံးခြားလုပ်တဲ့ မတရားသည့် ဆောင်ရွက်မှုတွေ ရှိလာခဲ့ရင် ဥပဒေနဲ့အညီစိစစ်ဖော်ထုတ်ပြီး တိတိကျကျ အရေးယူတာတွေရှိသလို မမှန်မကန် လုပ်ကြံတိုင်ကြားမှုတွေကိုလည်း ထိထိရောက်ရောက် ပြန်လည်အရေးယူမှုတွေလုပ်ဆောင်လျက်ရှိပါတယ်၊

နိုင်ငံတော် ကာကွယ်ရေးအတွက် **“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ရေရှည်အတွက် ဆောင်ရွက်ရမယ့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျင့်သုံးခြင်းသည် အလွန်ကောင်းမွန်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး သတ်မှတ်အသက်အရွယ်အကျုံးဝင်သူတိုင်းကို တစ်ပြိုင်နက်စစ်မှုထမ်းဆောင်စေတာမျိုး မဟုတ်ဘဲ သတ်မှတ်အရည်အချင်း ကိုက်ညီသူများအနက် ကျန်းမာရေးဆေးအဆင့် အောင်မြင်ပြီးသူတွေကိုသာ ပြည်သူ့စစ်မှုထမ်းအဖြစ် အလှည့်ကျ လစဉ်အင်အားအနည်းငယ်မျှ ခေါ်ယူလျက်ရှိပါတယ်။ ဥပဒေအရ အကျုံးဝင်သူများအနက် ကင်းလွတ်ခွင့်၊ ရွှေ့ပေါ့ခွင့်နဲ့ ရွှေ့ဆိုင်းခွင့်ရရှိသူတွေကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါတယ်။ စနစ်တကျ စိစစ်ရွေးချယ်ထားတဲ့ နိုင်ငံ့သားကောင်းလူငယ်တွေကို စစ်မှုထမ်းဆောင်ချိန်မှာ လိုအပ်မယ့် စစ်ရေးအတတ်ပညာတွေ ကျွမ်းကျင်ပိုင်နိုင်စေဖို့၊ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းစေဖို့နဲ့ စိတ်ဓာတ်ခံယူချက်မှန်ကန်ကောင်းမွန်စေဖို့အတွက် တပ်မတော်သင်တန်းကျောင်းအသီးသီးမှာ ဦးစွာစနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

> **နိုင်ငံတော်လုံခြုံရေးတာဝန်တွေကို ကျေပွန်စွာနဲ့ထမ်းဆောင်ခဲ့ကြတဲ့ သူတို့တွေရဲ့ အနာဂတ်ခရီးလမ်း သာယာဖြောင့်ဖြူးစေဖို့နဲ့ ဘဝအာမခံချက်တွေ ခိုင်မာစေဖို့ရန် နိုင်ငံတော်အစိုးရအနေနဲ့ “စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ” ကိုဖွဲ့စည်းခဲ့ပြီး စစ်မှုထမ်းကာလပြည့်မြောက်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးသွားမှာဖြစ် . . .**


ပြည်သူ့စစ်မှုထမ်းလူငယ်တိုင်းကို နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်တဲ့စစ်ပညာရပ်တွေကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးထားပေမယ့်လည်း လူတိုင်းကို တိုက်ခိုက်ရေးတပ်ရင်းတွေမှာချည်း တာဝန်ပေးအပ်တာမျိုးမဟုတ်ဘဲ တစ်ဦးချင်းစီရဲ့ ပညာအရည်အချင်းနဲ့ ကျွမ်းကျင်မှုပညာရပ်တွေအပေါ်မူတည်ပြီး အခြားသင့်လျော်တဲ့ လက်ရုံးတပ်ဖွဲ့တွေမှာ ခွဲဝေကာ တာဝန်ချထားပေးလျက်ရှိပါတယ်။ တာဝန်ထမ်းဆောင်နေစဉ်ကာလ တစ်လျှောက်လုံးမှာလည်း အမြဲတမ်းစစ်မှုထမ်းတွေနဲ့ တန်းတူလစာ၊ ရိက္ခာနဲ့ အခြားရပိုင်ခွင့် ခံစားခွင့်တွေကို အပြည့်အဝရရှိစေပါတယ်။ ဒါ့အပြင် စစ်မှုထမ်းသက်အတွင်းရရှိခဲ့တဲ့တန်ဖိုးရှိလှတဲ့ အတွေ့အကြုံကောင်းတွေကြောင့် သူတို့ရဲ့တစ်ကိုယ်ရေစည်းကမ်းပိုင်းတွေ ပိုမိုကောင်းမွန်လာသလို စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်တည်ငြိမ်မှု၊ မိမိကိုယ်ကိုယုံကြည်မှု၊ ဖွဲလုံ့လနဲ့ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှုတွေကိုပါ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့ကြပြီဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်၊ ဧပြီလကနေစတင်လို့ ပြည်သူ့စစ်မှုထမ်းသင်တန်းတွေကို လစဉ်ဖွင့်လှစ်နိုင်ခဲ့ပြီး အခုဆိုရင် အမှတ်စဉ်(၂၀) အထိ သင်တန်းဆင်းပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီသင်တန်းတွေကနေ မွေးထုတ်ပေးခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတွေဟာ လူထုလူတန်းစားအသီးသီးနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ကြကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ကျရာအခန်းကဏ္ဍကနေပြီး တာဝန်သိနိုင်ငံ့သားကောင်းများအဖြစ် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နေကြပြီဖြစ်ပါတယ်။ အဲ့ဒီတာဝန်သိနိုင်ငံ့သားကောင်းများထဲမှာ လူအများအထင်ကြီးလေးစားလေ့ရှိတဲ့ ဆေးပညာမဟာဘွဲ့ရဆရာဝန်တွေအပြင် အခြားဘွဲ့လွန်၊ ဘွဲ့ရပညာတတ်လူငယ်များလည်း ပါဝင်နေတာကို တွေ့မြင်နေရပါတယ်။

ဒါ့အပြင် ရှေ့တန်းစစ်ဆင်ရေးတာဝန်တွေမှာ ရဲဝံ့စွန့်စားစွာဖြင့်တိုက်ပွဲဝင်ခဲ့ကြလို့ သူရဲကောင်းစွမ်းရည်ဘွဲ့တံဆိပ် ရရှိသူများလည်းရှိနေကြောင်း ကြားသိရပါတယ်။ သင်တန်းကျောင်းက သင်ကြားပေးလိုက်တဲ့ စစ်အတတ်ပညာများကိုအသုံးချပြီး စိတ်ဓာတ်ကောင်းကောင်းနဲ့ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြလို့ နှစ်ထပ်ကွမ်းစွမ်းရည်ဘွဲ့တံဆိပ်ရရှိသူများကိုလည်း ဂုဏ်ယူဖွယ်ရာမြင်တွေ့နေရပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ တပ်မတော်သားတွေမှာပဲ တာဝန်ရှိတာမဟုတ်ဘဲ နိုင်ငံသားအားလုံးနှင့်သက်ဆိုင်တယ်ဆိုတဲ့ မှန်ကန်တဲ့ယုံကြည်ချက်၊ ခံယူချက်နှင့် ခေတ်သစ်သမိုင်းမှာ ရှေ့ဆောင်လမ်းပြခဲ့တဲ့ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းတွေဟာ ပထမအသုတ်ကနေစပြီး အသုတ်လိုက် အသုတ်လိုက် တာဝန်ပြီးဆုံးလို့ အိမ်အပြန် အနာဂတ်ခရီးလမ်းကို စတင်လျှောက်လှမ်းကြတော့မှာဖြစ်ပါတယ်။

ဒီလိုနိုင်ငံတော်လုံခြုံရေးတာဝန်တွေကို ကျေပွန်စွာနဲ့ထမ်းဆောင်ခဲ့ကြတဲ့ သူတို့တွေရဲ့ အနာဂတ်ခရီးလမ်း သာယာဖြောင့်ဖြူးစေဖို့နဲ့ ဘဝအာမခံချက်တွေခိုင်မာစေဖို့ရန် နိုင်ငံတော်အစိုးရအနေနဲ့ **“စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ”** ကိုဖွဲ့စည်းခဲ့ပြီး စစ်မှုထမ်းကာလပြည့်မြောက်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းများ ကြားသိမြင်တွေ့နေရပါတယ်။ အဲဒီစီမံခန့်ခွဲမှုကော်မတီကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီငါးခုဖွဲ့စည်းကာ ပြည်သူ့စစ်မှုထမ်းတာဝန် အောင်မြင်စွာထမ်းဆောင်ပြီးသူများကို တာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြု ဂုဏ်ပြုလက်မှတ်ပေးအပ်ပြီး အလုပ်အကိုင်များရရှိနိုင်တဲ့ ရွေးချယ်စရာလမ်းကြောင်းများ ဖော်ဆောင်ပေးလျက်ရှိပါတယ်။

စီမံခန့်ခွဲရေးကော်မတီက စီစဉ်ပေးထားတဲ့ ရွေးချယ်စရာလမ်းကြောင်းတွေထဲက **ပထမဆုံးလမ်းကြောင်းအနေနဲ့ တပ်မတော်ရဲ့ရင်ခွင်မှာဆက်လက်ခိုလှုံပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်လိုသူတွေအတွက် အမြဲတမ်းစစ်မှုထမ်းအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခွင့်ပြုခြင်းဖြစ်ပါတယ်။** ပြည်သူ့စစ်မှုထမ်းလူငယ်တွေဟာ နှစ်နှစ်တာစစ်မှုထမ်းကာလအတွင်းမှာ စစ်ပညာရပ်တွေကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားကြသလို စည်းကမ်းလိုက်နာမှု၊ ရဲရင့်မှုနဲ့ ကြံ့ခိုင်မှုတွေကိုလည်း လက်တွေ့နယ်ပယ်မှာ သက်သေပြနိုင်ခဲ့ပြီးဖြစ်လို့ တပ်မတော်က ဂုဏ်ယူဝမ်းမြောက်စွာနဲ့ လက်ကမ်းကြိုဆိုသွားမှာဖြစ်ပါတယ်။ **စာမျက်နှာ ၆ သို့** ❒



စစ်ပညာများ သင်ကြားလေ့ကျင့်နေသည့် ပြည်သူ့စစ်မှုထမ်းများ။

❐ စာမျက်နှာ ၅ မှအဆက်

အမြဲတမ်းစစ်မှုထမ်းအဖြစ် ကူးပြောင်းတာဝန်ထမ်းဆောင်လိုသူတွေကို လက်ရှိတာဝန်ထမ်းဆောင်ခဲ့တဲ့ နှစ်နှစ်တာကာလကို လုပ်သက်အဖြစ် အသိအမှတ်ပြုပေးသွားမှာဖြစ်ပြီး သူတို့ရဲ့အရည်အချင်းနဲ့သင့်လျော်မယ့် ရာထူးအဆင့်ဆင့်ကိုလည်း တိုးမြှင့်ပေးအပ်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့်တက္ကသိုလ်တက်ရောက်ဆဲကျောင်းသားတွေနဲ့ တက္ကသိုလ်ဝင်တန်းအဆင့်အောင်မြင်ပြီးသူတွေကို တပ်ကြပ်ကြီးအဆင့်အထိ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေမှာဖြစ်ပါတယ်။ ဒါ့အပြင် သတ်မှတ်ထားတဲ့အရည်အချင်းနဲ့ကိုက်ညီမှုရှိခဲ့ရင် သက်ဆိုင်ရာဗိုလ်သင်တန်းတွေကိုပါ ဝင်ရောက်ဖြေဆိုခွင့်ပြုသွားဦးမှာဖြစ်ပါတယ်။ ဒါကြောင့် **ဒီပထမလမ်းကြောင်းဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ရဲရဲဝံ့ဝံ့စွန့်စားချင်တဲ့အပြင် တပ်မတော်သားဘဝကို မြတ်နိုးသူတွေအတွက် ဂုဏ်ယူဝင့်ကြွားစွာရွေးချယ်သင့်တဲ့ လမ်းကြောင်းကောင်းတစ်ခုပဲဖြစ်ပါတယ်။ ဒီနေရာမှာ သတိပြုစေချင်တဲ့အချက်ကတော့ အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ဖို့ကို ဘယ်သူ့ကိုမှ အတင်းအကျပ်တွန်းအားပေးသွားမှာ မဟုတ်ဘူးဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ ကာယကံရှင်ကိုယ်တိုင်ရဲ့ဆန္ဒအရ တပ်မတော်သားဘဝကို အမှန်တကယ် ချစ်ခင်မြတ်နိုးပြီး စစ်သားကြီးလုပ်ချင်သူတွေကိုသာ လက်ခံပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။**

**ဒုတိယမြောက် ရွေးချယ်စရာလမ်းကြောင်းကတော့ အရပ်ဘက်နိုင်ငံ့ဝန်ထမ်းအဖြစ်ကူးပြောင်းတာဝန်ထမ်းဆောင်လိုသူတွေအတွက်စီစဉ်ပေးထားတဲ့ အခွင့်အလမ်းကောင်းတစ်ခုပဲဖြစ်ပါတယ်။** ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်းနဲ့ကိုက်ညီသူတွေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကပူးပေါင်းကာ ဝန်ထမ်းအဖြစ် ဦးစားပေးခန့်အပ်ပေးသွားမှာဖြစ်ပါတယ်။ ဒီလိုခန့်အပ်ရာမှာ မူလအသက် သတ်မှတ်ချက်ကို သုံးနှစ်အထိ တိုးမြှင့်လက်ခံပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေထဲက ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်သူတွေအနေနဲ့လည်း သတ်မှတ်ကာလပြည့်ပြီးပါက မူလနေရာဌာနများမှာ မူလတာဝန်တွေအတိုင်း ပြန်လည်ခန့်အပ်ပြီး စစ်မှုထမ်းကာလနှစ်နှစ်ကို လုပ်သက်အဖြစ်နဲ့ ထည့်သွင်းတွက်ချက်ပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

ဆက်လက်ဖော်ပြပါမည်။

# ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မြေအသုံးချမှုပြောင်းလဲမှုများအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မြေအသုံးချမှုပြောင်းလဲမှုများကို လေယာဉ်ဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ သစ်တောမြေဖြစ်သော ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း တရားမဝင်ကျူးကျော်ဝင်ရောက်နေမှုများ၊ မြေလွတ်မြေရိုင်းနှင့် လယ်ယာမြေများအား ခွင့်ပြုချက်မရဘဲ အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲအသုံးချနေမှုများနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများတွင် ခွင့်ပြုချက်မရှိဘဲ မြေအသုံးချနေမှုများကို လေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောဖုံးလွှမ်းမှုတိုးပွားလာစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် သဘာဝတောများထိန်းသိမ်းခြင်း၊ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကျူးကျော်အခြေချခြင်းများနှင့် တရားမဝင်မြေအသုံးချခြင်းများ မရှိစေရန်၊ မြေအသုံးချနေမှုများဥပဒေနှင့်အညီ စနစ်ကျမှန်ကန်စေရန် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များစုဖွဲ့ပြီး မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ တောမီးနှင့် မီးခိုးမြူငွေ့အန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် လေယာဉ်ဖြင့်လှည့်လည်စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)၏ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ထုတ်လုပ်သည့်အလုပ်ရုံ (Air Separation Plant) စီးပွားဖြစ် စတင်လည်ပတ်ခြင်းအခမ်းအနားကျင်းပ



တောင်ကြီး မတ် ၈

ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)၏ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ထုတ်လုပ်သည့် အလုပ်ရုံ (Air Separation Plant) စီးပွားဖြစ် စတင်လည်ပတ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါအလုပ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ TPE Co.,Ltd. မှ ပညာရှင်များက Liquid Nitrogen(-196 ဒီဂရီဆဲလ်စီးယက်)၏ ဂုဏ်သတ္တိကို စမ်းသပ်သရုပ်ဖော်ပြသပြီး ဒုတိယဝန်ကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ TPE Co.,Ltd. မှ ဒုတိယဒါရိုက်တာနှင့် အဖွဲ့ခေါင်းဆောင်တို့က အလုပ်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အလုပ်ရုံ၏ကမ္ပည်းမော်ကွန်းနှင့်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး အလုပ်ရုံထိန်းချုပ်ခန်းအတွင်း စက်စမ်းသပ်လည်ပတ်မောင်းနှင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ခေတ်အဆက်ဆက် ကြိုးပမ်းလာခဲ့သည့် သံမဏိစက်ရုံတည်ဆောက်ရေး ရည်ရွယ်ချက်မှာ ယနေ့အချိန်တွင် အတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့ပြီဖြစ်ကြောင်း၊ စက်ရုံ၏ အဓိက သံရည်ကျိုမည့် မီးဖိုကြီးအား လိုအပ်သော သံရည်ပျော်သည့်အဆင့်ထိ ရရှိနိုင်အောင် အထောက်အကူပြုမည့် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ထုတ်လုပ်သည့် အလုပ်ရုံအား အောင်မြင်စွာဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ ဆက်လက်လုပ်ဆောင်ရန်ကျန်ရှိသော အလုပ်ရုံနှစ်ရုံဖြစ်သည့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံနှင့် ရိုးမက်အလုပ်ရုံကို အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက စက်ပစ္စည်းများစမ်းသပ်လည်ပတ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းပြည့်မီရေးကို အထူးဂရုပြုရန်လိုကြောင်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းကြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် ရုရှား-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) တည်ဆောက်မှု သမိုင်းမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကော့ကရိတ်မြို့ လျှပ်စစ်လုပ်ငန်းများအား ခရိုင်အဆင့် စိစစ်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေး

ကော့ကရိတ် မတ် ၈

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ယခုအခါ နယ်မြေအေးချမ်းတည်ငြိမ်လာပြီဖြစ်သည့်အတွက် မြို့တွင်းသို့ နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိရာ ကော့ကရိတ်မြို့အတွင်းရှိ ပြည်သူများ နေထိုင်မှုနှင့် လျှပ်စစ်မီးများ အဆင်ပြေစွာသုံးစွဲနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော ကော့ကရိတ်မြို့ လျှပ်စစ်လုပ်ငန်းများဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက တံတားကျိုးကျေးရွာ စစ်ဆေးရေးဂိတ်ဝင်းအတွင်း တည်ဆောက်လျက်ရှိသော11/11KV 1000 Transformer တည်ဆောက်ခြင်းလုပ်ငန်းနှင့် မီးကြိုးလိုင်းများရှင်းလင်းခြင်းတို့ကို ခရိုင်အဆင့် စိစစ်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

ထိုသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကော့ကရိတ်မြို့ပေါ်ရပ်ကွက်တချို့အား သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်တိုင်နှင့် လျှပ်စစ်ကြိုးများ ရှင်းလင်းသွယ်တန်းခြင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကော့ကရိတ်မြို့ လျှပ်စစ်လုပ်ငန်းအတွက် ခွင့်ပြုငွေကျပ် ၅၄ ဒသမ ၂၀၀ သန်းဖြင့် ဆောင်ရွက်ရာ လုပ်ငန်းအားလုံး၏ ၈၃ ဒသမ ၃၃ ရာခိုင်နှုန်းပြီးစီးကြောင်း သိရသည်။

(၄၀၆)

## ၈-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အိမ်မဲမြို့နယ်၌ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ



**အိမ်မဲ မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝရပ်ကွက်ရှိ ချောင်းဝအခြေခံ ပညာမူလတန်းကျောင်း၌ နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲကို မတ်လ ၇ ရက် မွန်းလွဲပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့်တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ ကရင်ဒုံးယိမ်းအဖွဲ့များအားဆုများ ပေးအပ်ပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျောင်းဆောင်သစ်မှာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ငွေကျပ် ၅၀၈ ဒသမ ၃၆၈ သန်း အကုန်အကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ၊ ပြန်/ဆက်)**



# နွေစပါးနှင့်နွေသီးနှံ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ထွန်ယက်ပြုပြင်ခြင်းဆောင်ရွက်

**ပွင့်ဖြူ မတ် ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိတောင်သူများအနေဖြင့် ယခုနှစ်တွင် နွေစပါးနှင့်နွေသီးနှံလျာထားချက်ကေပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများကို မြေသြဇာထည့်သွင်းခြင်းနှင့် ထယ်ရေးညက်အောင်ထွန်ယက်ခြင်းများကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ နွေစပါး၊ နွေနှမ်းနဲ့ အခြားနွေသီးနှံစိုက်ကေ ၆၆၀၀၀ ကျော် လျာထားစိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီလ ၁၅ ရက်ကစပြီး မြောင်းမုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ စပါးစိုက်လယ်မြေတွေအတွက် စိုက်ပျိုးရေဖြန့်ဝေပေးထားပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေက လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ထွန်ယက်ပြုပြင်ခြင်း၊ ပေါင်းမြက်နဲ့အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ မြေဆီလွှာကောင်းမွန်စေရန် မြေဆီမြေသြဇာထည့်သွင်းခြင်းလုပ်ငန်းများကို ကြိုးပမ်းလုပ်ကိုင်နေကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ပွင့်ဖြူမြို့နယ်၌ နှစ်စဉ်နွေသီးနှံစိုက်ပျိုးရာသီတွင်ဒေသခံတောင်သူများက နွေစပါးသီးနှံအဖြစ် ဆာဖိုးသာ၊ ရောမင်း၊ မနောသုခ၊ ဆင်းသုခ၊ ပခန်းရွှေဝါ၊ သီးထပ်ရင်၊ ချမ်းမြေ့မေ၊ ပေါ်ဆန်းရင် စသည့်စပါးမျိုးများကို အဓိကစိုက်ပျိုးကြကြောင်း၊ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးမှုအနေဖြင့် စမုန်နက်၊ သိပ္ပံနှမ်းနက်နှင့်နှမ်းဖြူမျိုးကို စိုက်ပျိုးကြကြောင်းသိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးသီးနှံ ၃၃၂၃၅ ကေ၊ နွေနှမ်း ၃၃၇၃၇ ကေ စုစုပေါင်း နွေသီးနှံစိုက်ကေ ၆၆၉၇၂ ကေ လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပေါင်မြို့နယ်၌ စိုက်ပျိုးထားသောဖူးစားပြောင်းများ အောင်မြင်ဖြစ်ထွန်း

**ပေါင် မတ် ၈**

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျေးရွာများ၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် ဖူးစားပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပေါင်မြို့နယ်၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ရိုးရိုးသကြားပြောင်းဖူးနှင့် ကောက်ညှင်းပြောင်းဖူးများကို အများဆုံး စိုက်ပျိုးကြရာအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပေါင်မြို့နယ်၌ တောင်သူအများစုက မိုးစပါးများရိတ်သိမ်းပြီးချိန်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများကို အားထားလုပ်ကိုင်ကြပြီး ဆောင်းသီးနှံများအနေဖြင့် ဖူးစားပြောင်း၊ ခရမ်းချဉ်သီး၊ ပန်းဂေါ်ဖီ၊ မုန်လာဥဖြူ၊ ခရမ်းသီး၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ငရုတ် စသည့်သီးနှံများကိုစိုက်ပျိုးကြသည်။ စိုက်ပျိုးထားသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ မျိုးစေ့များပံ့ပိုးပေးအပ်ခြင်းနှင့်သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများကို ကွင်းတာဝန်ခံဝန်ထမ်းများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## မလိုသောမီးများကိုပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# နွေရာသီအခြေခံပန်းချီသင်တန်းဖွင့်လှစ်

**နတ်မောက် မတ် ၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီအားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရန်နှင့် အနုပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် နွေရာသီအခြေခံပန်းချီသင်တန်းဖွင့်ပွဲကို မတ်လ ၇ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ပန်းချီသင်တန်းနည်းပြဆရာ ဦးသိန်းနိုင်စိုးကသင်တန်းတွင် အခြေခံအကျဆုံးအဆင့်များမှ စတင်၍သင်ကြားပေးမည့် ခဲတံကိုင်နည်း၊ မျဉ်းဆွဲနည်း၊ အခြေခံပုံသဏ္ဌာန်များ၊ အရောင်အသွေးသီအိုရီနှင့် ဆေးရောင်စပ်နည်းများ၊ ကိုယ်ပိုင်စိတ်ကူးဖြင့်ပုံဖော်ဖန်တီးခြင်း စသည့် အကြောင်းအရာများကိုသင်ကြားပေးမည်ဖြစ်ကြောင်းပြောသည်။

အဆိုပါပန်းချီသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၃၅ ဦးတက်ရောက်ပြီး ၁၅ ရက်ကြာသင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူများ၏ ဖန်တီးနိုင်စွမ်းနှင့် စိတ်ကူးစိတ်သန်းများကိုမြှင့်တင်ပေးရန်နှင့် ပန်းချီပညာကိုဝါသနာပါသော်လည်း သင်ယူရန်အခွင့်အလမ်းနည်းပါးသူများအတွက်ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**လှဝင်း**

# ခန္ဓာကိုယ်တွင်းရှိ အဆီပိုများလျှော့နည်းစေရန်

မိမိခန္ဓာကိုယ်အတွင်း အဆီပိုများစုဝေးလာပါက လှုပ်ရှားသွားလာရာတွင် လေးလံသကဲ့သို့ခံစားရတတ်သည်။ အဆီပိုများရှိနေခြင်းသည် ခန္ဓာကိုယ်၏အလှတရားကိုထိခိုက်စေသည့်အပြင် ကျန်းမာရေးအတွက်လည်း ဆိုးကျိုးဖြစ်နိုင်သည်။

**ပရိုတင်းဓာတ်ကြွယ်ဝသောအစားအစာများစားသင့်**

ပရိုတင်းဓာတ်ကြွယ်ဝသောအစားအစာများသည် အာဟာရဖြစ်စေသည့်အပြင် အဆီများကို ပိုမိုလောင်ကျွမ်းစေသည်။ ပရိုတင်းက ခါးအဆီများကို ပိုမိုလောင်ကျွမ်းစေသည်။ ကယ်လိုရီများကိုလျှော့ကျစေပြီး ကြွက်သားများတည်ဆောက်ရာတွင် အထောက်အကူပြုသည်။ အသား၊ ပင်လယ်စာ၊ ပဲတောင့်ရှည်၊ ပဲအမျိုးမျိုးနှင့် နို့ထွက်ပစ္စည်းများသည် ပရိုတင်းဓာတ်ကြွယ်ဝသည်။

**ပုံမှန်ထက် အနည်းငယ်ပိုအိပ်စက်သင့်**

ညဘက်အိပ်ရာစောစောဝင်ပြီး ပုံမှန်ထက်အနည်းငယ်နောက်ကျပြီးမှ အိပ်ရာထခြင်းသည် အဆီများလောင်ကျွမ်းပြီး ကိုယ်အလေးချိန်တက်ခြင်းကိုကာကွယ်နိုင်သည်။ သုတေသနပြုချက်များအရ အိပ်ရေးဝခြင်းနှင့် ကိုယ်အလေးချိန်လျှော့ခြင်းကြား ဆက်စပ်မှုရှိသည်။ တစ်ဖက်တွင်လည်း အိပ်ရေးမဝခဲ့သော် ကိုယ်အလေးချိန်တိုးလာသည်ကိုတွေ့ရသည်။ အနည်းဆုံး တစ်ရက်လျှင် ခုနစ်နာရီခန့် အိပ်စက်သင့်သည်။ နှစ်ခြိုက်စွာအိပ်စက်နိုင်ရန် ကော်ဖီလျှော့သောက်ပြီး မိုဘိုင်းလ်ဖုန်းအသုံးပြုချိန်လျှော့ချသင့်သည်။

**ရှလကာရည်သုံးစွဲသင့်**

နှလုံးကျန်းမာရေးနှင့် သွေးတွင်းသကြားဓာတ်ကိုထိန်းချုပ်နိုင်ရန် ရှလကာရည်ကို နေ့စဉ်သုံးစွဲသင့်သည်။ ရှလကာရည်သည် အဆီများကို လောင်ကျွမ်းစေသည်။ နေ့စဉ်အစားအသောက်တွင် ရှလကာရည်ကို ထမင်းစားဇွန်း ၁-၂ ဇွန်းခန့်ထည့်သွင်းစားသုံးခြင်းသည် ကိုယ်အလေးချိန်ကျစေပြီး ခါးအဆီများကိုလျှော့နည်းစေသောကြောင့် ဆက်တိုက်သုံးစွဲပေးသင့်သည်။ ဗိုက်ပြည့်သကဲ့သို့ ခံစားရစေပြီး ထမင်းများများစားခြင်းကို ကာကွယ်ပေးသည်။ ရှလကာရည်ကို အချဉ်ရည်အနေဖြင့် ပြုလုပ်စားသုံးသင့်သည်။

**ကျန်းမာရေးနှင့်ညီညွတ်သောဖျော်ရည်များသောက်သင့်**

သကြားဓာတ်များလွန်းသည့်အချိုရည်များအစား ကျန်းမာရေးအတွက် သင့်လျော်မည့်ဖျော်ရည်များကို အစားထိုးသောက်သုံးသင့်သည်။ အချိုရည်များနှင့် အရက်သည် ခါးတွင် အဆီများစုဝေးခြင်းနှင့် ဆက်စပ်နေသည်။ လက်ဖက်စိမ်းရည်တွင် ကဖင်းဓာတ်ပါဝင်ပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင်သည်။ အဆိုပါနှစ်မျိုးစလုံးသည် အဆီများလောင်ကျွမ်းစေရန် အထောက်အကူပြုသည်။

**အမျှင်ဓာတ်များသောအစားအစာများ စားသုံးသင့်**

အမျှင်ဓာတ်သည် အူလမ်းကြောင်းထဲရောက်သော် ရေကိုစုပ်ယူပြီး အစာခြေစနစ်အတွင်း ဖြည်းညင်းစွာရွေ့လျားသွားသည်။ သုတေသနတစ်ခု၌ ရေတွင်ပျော်ဝင်နိုင်သည့်အမျှင်ဓာတ်ကို နေ့စဉ် ၁၀ ဂရမ် စားသုံးခြင်းသည် ကိုယ်အလေးချိန်တက်ခြင်းနှင့် အဆီစုဝေးခြင်းကိုလျှော့ကျစေသည်။ ထို့ပြင် အမျှင်ဓာတ်သည် ဗိုက်ပြည့်စေပြီး ဆာလောင်မှုကို သက်သာစေသည်။ တစ်ရက်လျှင် အမျှင်ဓာတ် ၁၄ ဂရမ်စားသုံးပါက ကယ်လိုရီစုပ်ယူခြင်းကို ၁၀ ရာခိုင်နှုန်းကျဆင်းစေသည်။

"နေ့စဉ်စားသုံးသည့်အစာထဲတွင် ပရိုတင်းပါဝင်အောင် စားသုံးသောကြောင့် ခန္ဓာကိုယ်အတွင်း အဆီများမစုမိရန် ကာကွယ်နိုင်သည်။ ခန္ဓာကိုယ်အတွင်း ကြွက်သားနှင့်အဆီ၏ဆက်စပ်မှုသည် ကြွက်သားများလျှင် အဆီနည်းပြီး အဆီများလျှင် ကြွက်သားနည်းသည်။ ကယ်လ်စီယမ်နှင့် ဗီတာမင်- D က ပရိုတင်းမှ ကြွက်သားတည်ဆောက်ရန် အားပေးကူညီသည်။ လေ့လာမှုများအရ တစ်ရက်လျှင် ပရိုတင်းနှစ်ကြိမ် စားသုံးသူသည် မစားသုံးသူထက် ကိုယ်အလေးချိန် ၃ ဒသမ ၉ ရာခိုင်နှုန်း ဆုံးရှုံးနိုင်ခြေပိုများကြောင်း သိရသည်။ ထို့ပြင် ခန္ဓာကိုယ်အဆီကျခြင်းသာမက ပိုမိုသန်မာလာသည်. . ."

**အဆင့်ဆင့်ပြုပြင်ထားသောကာဗိုဟိုက်ဒရိတ်များ**

အဆင့်ဆင့်ပြုပြင်ထားသော ကာဗိုဟိုက်ဒရိတ်များတွင် ပေါင်မုန့်ဖြူ၊ ဆော်ဒါ၊ ဆန်ဖြူ ဘီစကွတ်ကဲ့သို့ အစားအစာများပါဝင်သည်။ စားကောင်းစေရန် ဆား၊ ဂျုံ စသည်တို့ဖြင့်ပြုလုပ်ထားပြီး အဆင့်ဆင့်ပြုပြင်ထားသည့်အပြင် အချိုဓာတ်လည်းများသည်။ အမျှင်ဓာတ်နှင့်တခြားအာဟာရဓာတ်များ နည်းပါးသည်။ ထို့ကြောင့် အဆိုပါအစားအစာများသည် ခါးတွင် အဆီများစုလာစေသည်။ အဆင့်ဆင့်ပြုပြင်ထားသောအစားအသောက်များအစား မပြုပြင်ထားသော အစေ့အဆန်၊ ပေါင်မုန့်ညိုနှင့် ဆန်လုံးညို စသည်တို့ကို စားသုံးသင့်သည်။

**လေ့ကျင့်ခန်းပိုလုပ်သင့်**

အေရိုးဗစ် သို့မဟုတ် ကာဒီယိုလေ့ကျင့်ခန်းများက နှလုံးနှင့်အဆုတ်ကို အားကောင်းစေသည့်အပြင် အဆီများကို လောင်ကျွမ်းစေသည့် လေ့ကျင့်ခန်းများဖြစ်သည်။ သုတေသနအရ လူတိုင်း တစ်ပတ်လျှင် မိနစ် ၁၅၀-၃၀၀ သို့မဟုတ် တစ်ရက်လျှင် မိနစ် ၂၀-၄၀ ခန့် ကာဒီယိုလေ့ကျင့်ခန်းပြုလုပ်သင့်သည်။ နေ့စဉ် နာရီဝက်မှ တစ်နာရီကြာ အပြေး၊ ရွရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်သည်။

**ကော်ဖီသောက်သင့်**

ကော်ဖီတွင်ပါဝင်သည့် ကဖင်းဓာတ်သည် ဗဟိုအာရုံကြောစနစ်ကို လှုံ့ဆော်ပေးပြီး ဇီဝဖြစ်ပျက်မှုကို မြှင့်တင်ပေးသည်။ အဆိုပါအခြေအနေတွင် Fatty acid များကိုချေဖျက်ရန် ကူညီပေးသည်။ ထို့ကြောင့် ကဖင်းဓာတ်သည် အဆီများလောင်ကျွမ်းခြင်းနှင့်ဆက်စပ်နေသည်။ ကဖင်းဓာတ်ကောင်းစွာရရှိရန် နို့ဆီနှင့်သကြားကို လျှော့ပြီးဖျော်သင့်သည်။ ကဖင်းဓာတ်သည် အဆီကိုပိုမိုလောင်ကျွမ်းရန် အားပေးသည်။ သို့သော် ညအိပ်ခါနီးမှသောက်သည်ဆိုလျှင် ကောင်းစွာအိပ်မပျော်သောကြောင့် ကိုယ်အလေးချိန်တက်စေသည်။

**သံဓာတ်စားသုံးမှုမြှင့်တင်သင့်**

သံဓာတ်ချို့တဲ့ခြင်းသည် ခန္ဓာကိုယ်၏ဇီဝရုပ်ဖြစ်ပျက်မှုကို လျှော့ကျစေသောကြောင့် အဆီချေဖျက်မှုကို နှေးကွေးစေနိုင်သည်။ ထို့ပြင် သံဓာတ်နည်းလျှင် အားနည်းခြင်း၊ ပင်ပန်းခြင်း၊ အသက်ရှူမဝခြင်း စသည်တို့ခံစားရပြီး ကိုယ်လက်လှုပ်ရှားမှုကောင်းစွာမလုပ်နိုင်၍ ကိုယ်အလေးချိန်လည်း တက်လာနိုင်သည်။ သံဓာတ်ကြွယ်ဝသောအစားအစာများမှာ အသား၊ ငါး၊ ကြက်၊ ဘဲ၊ ပင်လယ်စာ၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်များ၊ ပဲအမျိုးမျိုး စသည်တို့နှင့် သံဓာတ်အားပြည့်စေသော အစေ့အဆန်၊ ကောက်ပဲသီးနှံတို့ဖြစ်သည်။

**ဗီတာမင်- D**

ဗီတာမင်- D သည် ပန်ကရိယမှထုတ်သော အင်ဆူလင်ဟော်မုန်းအပေါ်၊ ဆဲလ်များ၏တုံ့ပြန်မှုအပေါ် သက်ရောက်မှုရှိသည်။ ဆဲလ်များထဲတွင် ဂလူးကို့စ်များလောင်ကျွမ်းပြီး စွမ်းအင်ဖြစ်လာသည်။ အင်ဆူလင်က ဂလူးကို့စ်အား ဆဲလ်များဆီပို့ဆောင်ပေးသည်ကို အင်ဆူလင်တုံ့ပြန်မှုကောင်းသည်ဟုသတ်မှတ်ပြီး အင်ဆူလင်တုံ့ပြန်မှုမကောင်းသည့်အခါ စားသုံးလိုက်သည့်ကယ်လိုရီများက အဆီဆဲလ်များအဖြစ်စုလာသည်။ ခန္ဓာကိုယ်တွင် ဗီတာမင်- D ပမာဏလျှော့နည်းနေပါက ပါရာသိုင်းရွိုက်ဂလင်းမှထွက်သည့် ဟော်မုန်းများလာသည်။ ပုံမှန်ထက်များပါက ဂလူးကို့စ်မှ အဆီအဖြစ်ပြောင်းလဲသွားစေသည်။ ထို့ပြင် ဗီတာမင်- D ချို့တဲ့ပါက အစာစားသည့်အခါ ဗိုက်ပြည့်သည်ကို သိရှိစေသော လက်ပတင်ဟော်မုန်းကို အနှောင့်အယှက်ပေးသည်။ ထို့ကြောင့် ဗိုက်ပြည့်သည်ကိုမသိရှိဘဲ အစားပိုစားမိစေသည်။

**ပရိုတင်း**

နေ့စဉ်စားသုံးသည့်အစာထဲတွင် ပရိုတင်းပါဝင်အောင်စားသုံးသောကြောင့် ခန္ဓာကိုယ်အတွင်း အဆီများမစုမိရန် ကာကွယ်နိုင်သည်။ ခန္ဓာကိုယ်အတွင်း ကြွက်သားနှင့်အဆီ၏ဆက်စပ်မှုသည် ကြွက်သားများလျှင် အဆီနည်းပြီး အဆီများလျှင် ကြွက်သားနည်းသည်။ ကယ်လ်စီယမ်နှင့်ဗီတာမင်- D က ပရိုတင်းမှ ကြွက်သားတည်ဆောက်ရန် အားပေးကူညီသည်။ လေ့လာမှုများအရ တစ်ရက်လျှင် ပရိုတင်းနှစ်ကြိမ်စားသုံးသူသည် မစားသုံးသူထက် ကိုယ်အလေးချိန် ၃ ဒသမ ၉ ရာခိုင်နှုန်း ဆုံးရှုံးနိုင်ခြေပိုများကြောင်း သိရသည်။ ထို့ပြင် ခန္ဓာကိုယ်အဆီကျခြင်းသာမက ပိုမိုသန်မာလာသည်။

**Omega-3 အဆီ**

Omega-3 အဆီက အဆီဆဲလ်များကိုလောင်ကျွမ်းစေသော အင်ဇိုင်းကို အထောက်အကူပြုသည်။ ထို့ပြင် အစာစားချင်စိတ်ကိုလည်း ထိန်းချုပ်ပေးသောကြောင့် အစာများ အလွန်အကျွံမစားမိစေရန် တားဆီးနိုင်သည်။ Omega-3 အဆီက ဦးနှောက်ကိုအချက်ပြသည့် လက်ပတင်ဟော်မုန်း၏လုပ်ဆောင်မှုကို ကောင်းမွန်စေသည်။ Omega-3 အဆီကို အဆီများသော ငါး၊ အခွံမာသီးနှင့် အစေ့အဆန် စသည်တို့မှရရှိနိုင်သည်။

*ဒေါက်တာလွင်သန့်*

## မြန်မာနိုင်ငံအိမ်ခြံမြေအသင်းမှ အိမ်ခြံမြေအကျိုးဆောင်အဖြစ်လုပ်ဆောင်နိုင်မည့် အသိပညာသင်တန်းဖွင့်လှစ်မည်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MRPDA) မှ အိမ်ခြံမြေအကျိုးဆောင်အဖြစ် လုပ်ဆောင်နိုင်မည့် အသိပညာသင်တန်းကို အခမဲ့ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MRPDA) ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)မှ ကြီးမှူးဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် AML/CFT ဥပဒေဆိုင်ရာသိကောင်းစရာများနှင့် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များဆိုင်ရာ အသိပညာများကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အိမ်၊ ခြံ၊ မြေလုပ်ငန်းကို စိတ်ပါဝင်စားသူများနှင့် သင်တန်းမတက်ရောက်ရသေးသောအသင်းဝင်များ တက်ရောက်နိုင်သည့်အပြင် အသင်းဝင်မဟုတ်သော်လည်း အိမ်၊ ခြံ၊ မြေအကြောင်း စိတ်ပါဝင်စား၍ သင်တန်းတက်ရောက်လိုသူများအနေဖြင့်လည်း အခမဲ့တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ သို့သော် သင်တန်းမတက်ရောက်မီ ကြိုတင်ပြီး MRPDA သို့ အသင်းဝင်ရောက်ရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို မတ်လ ၃၀ ရက်တွင် Sky Star Hotel ၌ ဖွင့်လှစ်မည်ဖြစ်ရာ အသေးစိတ်အချက်အလက်များကို တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ အသင်းရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၇၈၀၄၈၆၇၄၇ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဖြူဖြူ

## တံတားဦးမြို့နယ်၌ လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးခြင်းလုပ်ငန်းများဆောင်ရွက်

တံတားဦး မတ် ၈

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဌာနများ၌ မတ်လ ၇ ရက်က ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိပြီး ကလေးငယ်များအတွက် ဝက်သက်၊ ဂျိုက်သိုး၊ ပိုလီယို၊ Penta ငါးမျိုးစပ်၊ ဦးနှောက်တီဘီ၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးအသစ် (PVC) စသည့်ကာကွယ်ဆေးများနှင့် ကိုယ်ဝန်ဆောင်များအား မေးခိုင်ရောဂါကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းဖြစ်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

# တောင်ကြီးမြို့၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



တောင်ကြီး မတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ မတ်လ ၈ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကိုကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် Video Clip ကိုပြသသည်။

ထို့နောက် အမျိုးသမီးဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ကျောင်းသူများက ရှမ်းရိုးရာအကတေးသီချင်း၊ ဒေါ်ကြီးဒေါ်ငယ်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ကျောင်းသူများနှင့် ဓမ္မဝိဒူလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ် အမျိုးသမီးကော်မတီနှင့် ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးတို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သော အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိခဲ့သူသုံးဦးတို့အား ဆုများပေးအပ်ပြီး ကပြဖျော်ဖြေတင်ဆက်ခဲ့သော ပရဟိတဂေဟာများမှ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ကြောင်း သိရသည်။ (၉၀၅)

# မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေး အသိပညာပေးဟောပြော

မင်းဘူး မတ် ၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ပုဂံစစ်ကျေးရွာမှာရုံ၌ မတ်လ ၇ ရက် နံနက်ပိုင်းတွင် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ဟောပြောပွဲတွင် မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ပွင့်လင်းရာသီ ခြောက်သွေ့ကာလသို့ ရောက်ရှိလာပြီဖြစ်၍ တောမီးနှင့်အခြားမီးလောင်ကျွမ်းမှုများကြောင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ဖြစ်ပွားနိုင်ကြောင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်စေနိုင်၍ ထိန်းချုပ်လျှော့ချနိုင်ရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူ၊ ကျေးရွာသားများတက်ရောက်ကြပြီး တာဝန်ရှိသူများက မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှု လျှော့နည်းစေရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)



# ငွေတောင်ကမ်းခြေ၌ အပန်းဖြေခရီးသွား ဧည့်သည်များဖြင့် စည်ကားလျက်ရှိ

ဟိုင်းကြီးကျွန်း မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာရှိ မြွေတောင် ခေါ် ငွေတောင်ကမ်းခြေသို့ ယခုအချိန်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရင်း အပန်းဖြေလာရောက်ကြသည့် ပြည်တွင်းခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ငွေတောင်ကမ်းခြေသည် ငပုတောမြို့နယ်အတွင်း ခရီးသွားဝင်ရောက်လည်ပတ်မှု အများဆုံး ကမ်းခြေများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မော်တင်စွန်းဘုရားပွဲတော်ရာသီတွင် အပန်းဖြေလာရောက်သူ ပိုမိုများပြားကြောင်း သိရသည်။

ကမ်းခြေသို့ အပန်းဖြေလာရောက်ကြသည့် ဧည့်သည်များသည် ကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ ဘောလုံးကန်ခြင်း၊ ဘောကွင်းများဖြင့် ရေလှိုင်းစီးခြင်း၊ ဒေသထွက်ပင်လယ်စာစားသုံးခြင်းနှင့် အနှစ်စိမ်ရည်များသောက်သုံးကာ ကျောက်ဆောင်များပေါ်တွင် အလှဓာတ်ပုံများရိုက်ကူးခြင်းတို့ဖြင့် အပန်းဖြေလေ့ရှိပြီး ငွေတောင်ကမ်းခြေအနီး ပတ်ဝန်းကျင်ကျေးရွာများရှိ လူမှုစီးပွားဆိုင်ရာများကိုလည်း လေ့လာကြကြောင်း သိရသည်။

ငွေတောင်ကမ်းခြေသာယာလှပရေးကမ်းခြေတွင်ဈေးရောင်းချသည့်ဈေးသည်များ စနစ်တကျရောင်းချနိုင်ရေး၊ ကမ်းခြေသို့ လာရောက်လည်ပတ်ကြသူများ အန္တရာယ်ကင်းရှင်းစွာ အနားယူအပန်းဖြေနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံမှုရှိစေရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။ (၉၀၇)

**MWD Education, Knowledge & Sports Channel**

၉-၃-၂၀၂၆(တနင်္လာနေ့)

၁။ ၁၀:၀၀ - ၁၁:၀၀ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သီကောင်းစရာများ(မြန်မာစာဘာသာရပ်)

၂။ ၂၀:၀၀ - ၂၁:၃၀ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း ကြယ်နှင့်အတူ (ဇာတ်သိမ်းပိုင်း)

# တပ်တော်ဝင်ပွဲ ဆင်နွှဲသည့်ချိန်ခါ

✲ တပ်တော်ဝင် အခမ်းအနား
ထူးခြားတဲ့ ပွဲတော်ပင်။
တပ်မတော်(ရေ) နှစ်စဉ်နွှဲ
အောင်ပွဲမည်တွင်။
ထည်ဝါခံ့ညား ရှုကြည့်မြင်
စစ်ရေယာဉ် တည်ဆောက်မှုများ။
တပ်မတော်(ရေ) တိုက်စွမ်းအားက
မြင့်ထက်မြင့်မား။

✲ ၁၃၅ မီတာ ဖရီဂိတ်
အောင်အတိတ်နဲ့ ပြည့်ဂုဏ်အင်။
ခေတ်မီရေယာဉ် အသစ်များ
ထူးခြားတီထွင်။
တပ်မတော်(ရေ)၏ စွမ်းဂုဏ်အင်
ပြည်တွင်းတွင် တည်ဆောက်ပေး။
ကိုယ့်အားကို ကိုယ်ယုံကိုးလို့
တိုးပွားတယ်လေး။

✲ သုံးဖက်မြင် စစ်ဆင်နိုင်စွမ်း
အံ့မခန်း တိုးတက်နေ။
တိုက်ပွဲဝင် အသင့်ရေတပ်
လေးစားအပ်ပေ။
ထိုမှတစ်ဆင့် မြင့်ကာလေ
ရေပြာသို့ ပိုလွှတ်နိုင်ရေး။
ကြည်း၊ ရေ၊ လေ တူယှဉ်တွဲလို့
အောင်ပွဲမျှော်တွေး။

✲ မြန်မာ့ပင်လယ် လွှမ်းကျယ်ဝန်း
ကျွန်းပေါင်းက မြောက်မြားစွာ။
နိုင်ငံတော် ရေကြောင်းစွမ်းအား
ကြီးမားရမှာ။
သင့်သုံးသင့်နှင့် အမြဲသာ
စစ်ရေးမှာ နိုးကြားလို့။
ရေအောက်ရေပေါ် သယံဇာတ
ကာကွယ်ကြစို့။

✲ တပ်မတော်သည် နိုင်ငံအတွက်မို့
စောင့်ရှောက်လို့ စဉ်မကွာ။
မြန်မာ့ပင်လယ် စဉ်အဆက်
ကာကွယ်လျက်ပါ။
ရေတပ်သားတို့ ကျွမ်းကျင်ရာ
သတ္တိမှာ အစဉ်ရှိ။
ကျန်းမာကြံ့ခိုင် ဖွံ့လှ့လ
ပြည့်ဝနေ၏။

✲ တပ်မတော်(ရေ) ဆင်ယင်နွှဲ
တပ်တော်ဝင်ပွဲ ချိန်ခါတွင်
စစ်ရေယာဉ်ပင်။
ဆန်းသစ်တဲ့ခေတ်အစဉ်
တိုက်စွမ်းအင် လွှန်စွာကောင်း။
စစ်ရေယာဉ် သာလွန်မင်းဟု
ကောင်းခြင်းစုံ အောင်မြင်မှုကို
ဂုဏ်ပြုပါကြောင်း။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

# ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းအတွင်းရှိ ဘီလိယက်နှင့် စနူကာအားကစားခန်းမ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ



ပုသိမ် မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းအတွင်းရှိ ဘီလိယက်နှင့် စနူကာအားကစားခန်းမ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အားကစားခန်းမဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မင်္ဂလာပန္နက်တင်မည့် သတ်မှတ်နေရာများတွင်နေရာယူကြပြီး မင်္ဂလာအချိန်ရောက်ရှိသည်နှင့် ပန္နက်တင်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပုသိမ်မြို့ ကမ္ဘာ့အေးကျောင်းပရိယတ္တိစာသင်တိုက်၌ကျင်းပသည့် ဂုဏဝိသိဋ္ဌထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲသို့တက်ရောက်ရာ ကမ္ဘာ့အေးကျောင်းပရိယတ္တိစာသင်တိုက်၏ တိုက်အုပ်စာချကထိက ဘဒ္ဒန္တခန္တီဗလအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကြံခင်းမြို့ ပိန္နဲကွင်းကျောင်း ပဓာနမဟာနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အကျိုးတော်ဆောင်) ဘဒ္ဒန္တဇောတိဿရ (ကြံခင်း)ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်အရှင်သူမြတ်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၈

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်မှာ"တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး" ဖြစ်ကြောင်း၊ ဆောင်ပုဒ်၏ ဆိုလိုချက်အရ အမျိုးသမီးများနှင့် ပတ်သက်ပြီး တန်းတူညီမျှမှုနှင့် တရားမျှတမှုရရှိစေရန်၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိပြီး လေးစားလိုက်နာစေရန်၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အတားအဆီးများကိုဖယ်ရှားစေပြီး အနာဂတ်တိုးတက်မြင့်မားစေရန်အတွက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

အကြမ်းဖက်မှုကြုံတွေ့ရပါက လိုအပ်သည့်ဝန်ဆောင်မှုများ လက်လှမ်းမီရရှိနိုင်ရေးအတွက် သတင်းပို့တိုင်ကြားနိုင်ရန် Helpline ဖုန်း ၁၅၆၆ ဖြင့် ၂၄ နာရီ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် မြန်မာနိုင်ငံ၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်များ မှတ်တမ်းဗီဒီယိုကိုပြသသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်သူများသည် ခင်းကျင်းပြသထားသော အမျိုးသမီးကျောင်းများနှင့်အမျိုးသမီးအဖွဲ့အစည်းများ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မြဝတီ**

# မြန်မာ့ MM ဘောလုံးသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် AFC "Pro" Diploma နည်းပြသင်တန်း (Module–I) ဖွင့်လှစ်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)နှင့် အာရှဘောလုံးအဖွဲ့ချုပ်(AFC)တို့ ပူးပေါင်းစီစဉ်သည့် AFC/MFF Pro Diploma Coaching Course Module–I ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာရှဘောလုံးအဖွဲ့ချုပ်၏ Deputy Technical Director ဖြစ်သူ Mr. Takeshi Ono က ဝမ်းမြောက်စကားပြောကြားပြီး MFFမှ အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။ ဆက်လက်၍ အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်ထားသော သင်တန်းဆရာနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဖြစ်သူ Mr. Michiteru Mita က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ဖွင့်လှစ်နိုင်ခဲ့သည့် အမြင့်ဆုံးအဆင့် နည်းပြသင်တန်းဖြစ်ပြီး မြန်မာ့ဘောလုံးလောကအတွက် အလွန်အရေးပါသော ခြေလှမ်းတစ်ခုလည်းဖြစ်သည်။ AFC "Pro" Diploma Coaching Course သည် အာရှဘောလုံးအဖွဲ့ချုပ် (AFC)မှ အသိအမှတ်ပြုထားသော နည်းပြလောကတွင် အမြင့်ဆုံးအရည်အချင်းစစ်လက်မှတ်တစ်ခုလည်းဖြစ်သည်။

နိုင်ငံတကာသတ်မှတ်ချက်များအရ ကမ္ဘာ့ဖလားခြေစစ်ပွဲများ၊ အာရှဖလားနှင့် အဆင့်မြင့်ကလပ် အသင်းပြိုင်ပွဲများတွင် အသင်းကို တရားဝင်ကိုင်တွယ်ခွင့်ရရန်၌ "Pro" လိုင်စင်မှာ မဖြစ်မနေလိုအပ်ပြီး ပြည်ပတွင် သင်တန်းသားတစ်ဦးလျှင် ဒေါ်လာနှစ်သောင်းကျော်ထိ ကုန်ကျနိုင်သော အဆင့်မြင့်သင်တန်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် AFC/MFF Pro Diploma Coaching Course Module–I သင်တန်းသို့ သင်တန်းသား ၁၆ ဦး တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အာရှဘောလုံးအဖွဲ့ချုပ်အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ အာရှဘောလုံးအဖွဲ့ချုပ်မှ Deputy Technical Director Mr. Takeshi Ono၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**




# မိုင်းနားအခြေပြု ကံပိုင်တည်ကုန်သွယ်ရေးစခန်း ယာယီယာဉ်စစ်ဆေးရေးကွင်း ဖွင့်လှစ်၍ ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ စစ်ဆေးဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး



မြစ်ကြီးနား မတ် ၈

ကချင်ပြည်နယ်အတွင်း တစ်ဖက်နိုင်ငံမှ သွင်းကုန်ပစ္စည်းများနှင့်ပတ်သက်၍တရားဝင်သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းခွင့်ပြုနိုင်ရေးနှင့် စစ်ဆေးဆောင်ရွက်နိုင်ရေးတို့အတွက် မိုင်းနားအခြေပြုကံပိုင်တည်ကုန်သွယ်ရေးစခန်း ယာယီယာဉ်စစ်ဆေးရေးကွင်းဖွင့်လှစ်ဆောင်ရွက်ရာတွင် လုပ်ငန်းများအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အကောက်ခွန်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ OSS အဖွဲ့ဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မိုင်းနားအခြေပြု ကံပိုင်တည်ကုန်သွယ်ရေးစခန်း ယာယီယာဉ်စစ်ဆေး ရေးကွင်းဖွင့်လှစ်ထားရှိမှု၊ ကုန်သွယ်ရေးလုပ်ငန်းများအပေါ် ညွှန်ကြားချက်များနှင့်အညီ SOP ထုတ်ပြန်ချက်အတိုင်း ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ OSS အဖွဲ့မှ ယာဉ်တင်ကုန်ပစ္စည်းများ စစ်ဆေးဆောင်ရွက်ရာတွင် လိုအပ်သည့်ကိစ္စရပ်များ၊ ယာဉ်များရပ်နားကွင်း မြေနေရာနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ကုန်သွယ်ရေးနှင့် စစ်ဆေးရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများမြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ကြရေး၊ OSS အဖွဲ့များအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ထုတ်ပြန်ထားသည့်ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရေးမှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းက တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ်စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင် စစ်ရေယာဉ်ဖြစ်သော ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)အား လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

**❖ တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးကဏ္ဍကို ကြည့်မည်ဆိုပါက အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင်ကိုယ်တိုင် တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ . . .**

★ **စာမျက်နှာ ၁၇ မှအဆက်**

အလွန်အရေးပါလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ရေကြောင်းအကျိုးစီးပွားများဖြစ်သည့် ပင်လယ်ပြင်မှ စွမ်းအင်အကျိုးစီးပွားများ၊ ငါးသယံဇာတများ၊ ပင်လယ်ပြင် ဆက်သွယ်ရေးလမ်းကြောင်းကြီးများ၊ ရေကြောင်းကုန်သွယ်မှုများနှင့် ရေနက်ဆိပ်ကမ်းကြီးများအား အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာအသုံးချနိုင်စေရန် စွမ်းရည်ထက်မြက်၍ အင်အားတောင့်တင်းသော ရေတပ်ထူထောင်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အနာဂတ်တပ်မတော်(ရေ)အတွက် လိုအပ်သည့် စစ်ရေယာဉ်များကိုယ်တိုင်တည်ဆောက်/ပြုပြင်နိုင်ရန်အပြင် နိုင်ငံတော်၏အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုနိုင်ရန်အတွက် အရပ်ဘက် ကုန်တင်ရေယာဉ်ကြီးများ တည်ဆောက်/ပြုပြင်နိုင်သည့်အထိရည်သန်၍ ရေလုံလွန်းကျင်းကြီး တည်ဆောက်နိုင်ရေးကို စဉ်းစားသုံးသပ်ပြီး ၂၀၁၈ ခုနှစ်မှစပြီး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးကဏ္ဍကို ကြည့်မည်ဆိုပါက အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင်ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ကြောင်း။

ယနေ့ ရေချခင်းမင်္ဂလာအခမ်းအနားပြုလုပ်မည့် စစ်ရေယာဉ်များသည် ယခုတန် ၄၀၀၀၀ ရေလုံလွန်းကျင်းတွင် စတင်တည်ဆောက်မည့် စစ်ရေယာဉ်များဖြစ်ပြီး အဆိုပါရေယာဉ်များ တည်ဆောက်နိုင်ခြင်းဖြင့် မြန်မာ့ပင်လယ်ပြင်အတွင်း ကာကွယ်ရေးစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့်ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၆၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် တည်ဆောက်ရေးအတွေ့အကြုံကောင်းများရှိပြီးဖြစ်သော်လည်း ယနေ့ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် ရေယာဉ်တည်ဆောက်ရေးနည်းစနစ်များကိုလည်း မျက်ခြည်မပြတ်လေ့လာသင်ယူပြီးအသုံးချနိုင်ရေး တစိုက်မတ်မတ်ကြိုးစားအားထုတ်သွားရမည်ဖြစ်ကြောင်း။

ရေလုံလွန်းကျင်းကြီးသည်နိုင်ငံတကာအဆင့်မီ သင်္ဘောကျင်းကြီးဖြစ်သည့်အတွက် ရေလုံလွန်းကျင်းနှင့် ရေလုံလွန်းကျင်းတွင်ပါသည့် စက်ပစ္စည်းကိရိယာများကို သက်တမ်းပြည့်စွမ်းအားပြည့် စနစ်တကျအသုံးပြုနိုင်ရေးဆောင်ရွက်သွားကြရန်၊ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေပြန်လည်ရရှိနိုင်ရေးအတွက်ပြည်တွင်း ပြည်ပကုန်သွယ်ရေကြောင်း ရေယာဉ်ကြီးများ တည်ဆောက်ပြုပြင်နိုင်သည့်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ရေယာဉ်ဗိသုကာနှင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်တပ်မတော်(ရေ) မျိုးဆက်သစ်အရာရှိ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်၊ မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက်ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရင်း တပ်မတော်၏ကောင်းမြတ်သည့်အစဉ်အလာများကို အသက်နှင့်ထပ်တူထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့်ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရေလုံလွန်းကျင်းတည်ဆောက်ခဲ့မှုမှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ထို့နောက်ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ရေလုံလွန်းကျင်းတည်ဆောက်ရေး တာဝန်ယူဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဥက္ကဋ္ဌက ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ဌာနချုပ်မှူးထံ စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရေလုံလွန်းကျင်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။ ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဂုဏ်ပြုသစ်သီးခြင်းအား ပေးအပ်ရာ ရေလုံလွန်းကျင်းတည်ဆောက်ရေးတာဝန်ယူဆောင်ရွက်ခဲ့သည့်ကုမ္ပဏီ ဥက္ကဋ္ဌက လက်ခံရယူသည်။

**ရေငုပ်သင်္ဘော တိုက်ဖျက်ရေးရေယာဉ်များ၏ ရေချခင်းမင်္ဂလာအခမ်းအနား**

၎င်းနောက်ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ်များ၏ ရေချခင်းမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ရာ စစ်ရေယာဉ်များ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရောနှင့် Frame တို့အား စက်ခလုတ်နှိပ်ဂဟေတွဲဆက်၍ ရေယာဉ်တည်ဆောက်မှုလုပ်ငန်းအားစတင်ပေးခဲ့ပြီး ရေချခင်းမင်္ဂလာကြေးပြားများနှင့် ကိုယ်ထည်အစိတ်အပိုင်းများအား မင်္ဂလာအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေယာဉ်တည်ဆောက်မှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် တည်ဆောက်ခဲ့မှုဓာတ်ပုံပြခန်းနှင့် ရေလုံလွန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ရေတပ်သင်္ဘောကျင်းဌာနချုပ်၏သင်္ဘောကျင်းစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် စတင်တည်ဆောက်ခဲ့ပြီး ပထမအဆင့်စီမံကိန်းအား ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိလည်းကောင်း၊ ဒုတိယအဆင့်စီမံကိန်းအား ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိလည်းကောင်း အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး စစ်ရေယာဉ်များ၊ ဌာနဆိုင်ရာပုဂ္ဂလိက ရေယာဉ်များအား တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။ တတိယအဆင့်စီမံကိန်းအား ၂၀၁၉ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် တတိယအဆင့်စီမံကိန်း တည်ဆောက်မှုအား အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရေတပ်သင်္ဘောကျင်းဌာနချုပ် ရေလုံလွန်းကျင်းတွင် အရွယ်အစားကြီးမားသော စစ်ရေယာဉ်ကြီးများ၊ ကုန်သွယ်ရေယာဉ်များ တည်ဆောက်ခြင်း(သို့မဟုတ်) လွန်းတင်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ့ရေကြောင်းအကျိုးစီးပွားနှင့် နိုင်ငံ့ရေကြောင်းစွမ်းအားတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာအထောက်အကူပြုဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**စစ်ရေယာဉ်များတပ်တော်ဝင်ခြင်း အခမ်းအနား**

ဆက်လက်၍ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိရေတပ်ဆိပ်ခံတံတား၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊

**စာမျက်နှာ ၁၂ သို့** ★





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက အမြောက်ပစ်ဖောက် ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့် ပထမဆုံး အမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ် လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်စဉ်။

**❖ တပ်မတော်(ရေ)စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် တပ်တော်ဝင်ခဲ့သည့် ဖရီဂိတ် စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)သည် တပ်မတော်(ရေ)ရေယာဉ်တည်ဆောက်မှုသမိုင်း၌ အရွယ်အစားအားဖြင့် အကြီးမားဆုံးကိုယ်တိုင်တည် ဆောက်တပ်တော်ဝင်နိုင်ခဲ့သည့် စစ်ရေယာဉ်ဖြစ် . . .**

☆ **စာမျက်နှာ ၁၁ မှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)မှအရာရှိ၊ စစ်သည်များနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက စစ်ရေယာဉ်များတပ်တော်ဝင်အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ရေယာဉ်စုမှူးထံသို့ တပ်တော်ဝင်စစ်ရေယာဉ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်သည်။ ဆက်လက်ပြီး စစ်ရေယာဉ်များတပ်တော်ဝင်ဆောင်ရွက်နိုင်ရန်အတွက် တပ်တော်ဝင်တံခွန်အလံများအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကာကွယ်ရေးဦးစီးချုပ်(ရေ)ထံလွှဲပြောင်းပေးအပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က လက်ခံရယူပြီး သက်ဆိုင်ရာစစ်ရေယာဉ်မှူးများထံ ဆက်လက်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးက တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ်ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း ၈ ချက်တီးခြင်းနှင့်တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သော ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)အား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့်စစ်ရေယာဉ်(ရန်ကြီးအောင်)တို့မှ အမြောက် ၂၁ ချက် ပစ်ဖောက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြုပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်တော်ဝင်စစ်ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူခဲ့ကြသည်။

ယနေ့ တပ်မတော်(ရေ)စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် **တပ်တော်ဝင်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)သည် တပ်မတော်(ရေ)ရေယာဉ်တည်ဆောက်မှုသမိုင်း၌ အရွယ်အစားအားဖြင့် အကြီးမားဆုံးကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့သည့် စစ်ရေယာဉ်ဖြစ်**ကြောင်း၊ အချိန်ကာလတစ်လကျော်၊ စုစုပေါင်းခုတ်မောင်းချိန် ၂၇၀ နာရီကျော်၊ ခရီးအကွာအဝေးရေမိုင် ၃၅၀၀ ခန့်ခရီးရှည်စမ်းသပ်မောင်းနှင်ခဲ့ပြီး စမ်းသပ်မောင်းနှင်သည့်ခရီးစဉ်အတွင်း စံချိန်စံညွှန်းပြည့်မီမှုဆိုင်ရာစမ်းသပ်မောင်းနှင်ခြင်းများ၊ ရေယာဉ်၌ တပ်ဆင်ထားသည့်ကိရိယာများအလိုက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အသုံးပြုနိုင်မှုအား စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် တပ်တော်ဝင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့စစ်ရေယာဉ်များအား ကိုယ်တိုင်တည်ဆောက်တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့်တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တပ်တော်ဝင်စစ်ရေယာဉ်များကိုတွေ့ရစဉ်။

# ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကိုခြိမ်းခြောက်နေသော လေထုညစ်ညမ်းမှု

ကိုအောင်(ထုတ်လုပ်)

**လေထုညစ်ညမ်းမှုသည် ယနေ့ကမ္ဘာကြီးရင်ဆိုင်နေရသည့် အရေးပေါ်နှင့် နက်ရှိုင်းသောသဘာဝပတ်ဝန်းကျင်ပြဿနာတစ်ရပ်အဖြစ်ရှိနေသည်။ ဤပြဿနာသည် နယ်နိမိတ် သို့မဟုတ် ဖွံ့ဖြိုးမှုအဆင့်ကို မခွဲခြားဘဲ ကမ္ဘာ့နိုင်ငံအားလုံးနီးပါးကိုထိခိုက်လျက်ရှိသည်။ လေထုညစ်ညမ်းမှုသည် လေထုအတွင်းအန္တရာယ်ရှိသော သို့မဟုတ် မလိုလားအပ်သော ဓာတုပစ္စည်းများ၊ အမှုန်အမွှားများစုပုံလာခြင်းကြောင့် လူသားများ၊ အခြားသက်ရှိများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့ယဉ်ကျေးမှုအမွေအနှစ်များကိုခြိမ်းခြောက်နေသော အခြေအနေတစ်ရပ်ဖြစ်သည်။**

လေထုညစ်ညမ်းမှု၏ အဓိကအရင်းအမြစ်များမှာ စက်မှုလုပ်ငန်းများ၊ စီးပွားရေးနှင့်လူနေမှုတိုးတက်မှုတို့နှင့်အတူ ကြီးထွားလာသောလောင်စာဆီနှင့် ကျောက်မီးသွေးအသုံးပြုမှု၊ မော်တော်ယာဉ်များ၏ ဓာတ်ငွေ့ထုတ်လွှတ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းမှ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းမီးရှို့ခြင်း စသည်တို့ဖြစ်သည်။ ဤလုပ်ဆောင်မှုများမှ ထုတ်လွှတ်လိုက်သော ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ အိုဇုန်းနှင့် အမှုန်အမွှားများကဲ့သို့သော ညစ်ညမ်းစေသည့် ဓာတ်ပစ္စည်းများသည် လူ့ကျန်းမာရေးအတွက် ပြင်းထန်သောအန္တရာယ်များကိုဖြစ်ပေါ်စေသည်။

ဤညစ်ညမ်းမှု၏အကျိုးဆက်များမှာ ကျယ်ပြန့်ပြီးနက်ရှိုင်းလှသည်။ လူသားတို့တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နှလုံးရောဂါများ၊ ကင်ဆာရောဂါများ စသည်တို့ ဖြစ်ပွားမှုနှုန်းမြင့်တက်လာခြင်း၊ ကလေးငယ်များ၏ဖွံ့ဖြိုးမှုကိုထိခိုက်စေခြင်းတို့ဖြစ်ပေါ်စေသည်။ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအနေဖြင့် မြေဆီလွှာညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်း၊ အပင်များပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို အရှိန်မြှင့်တင်ပေးခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ထို့ပြင် စီးပွားရေးအရလည်း ကျန်းမာရေးစရိတ်များတိုးပွားလာခြင်း၊ လုပ်သားအင်အားကျဆင်းခြင်း၊ သီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ခရီးသွားလုပ်ငန်းထိခိုက်ခြင်း စသည့်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်ရာ လေထုညစ်ညမ်းမှုပြဿနာသည်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်မှုတစ်ရပ်တည်းသာမက လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုတစ်ရပ်လည်းဖြစ်နေသည်။ ထို့ကြောင့် ဤပြဿနာအား ထိရောက်စွာဖြေရှင်းနိုင်ရန် နိုင်ငံတကာအဆင့်၊ ဒေသတွင်းအဆင့်နှင့် တစ်ဦးချင်းအဆင့်များမှ ပူးပေါင်းပါဝင်သည့် စဉ်ဆက်မပြတ်အားထုတ်မှုများလိုအပ်လှပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏အဆိုအရ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူသန်းပေါင်းခုနစ်သန်းခန့်စောစီးစွာသေဆုံးနေရသည်။ ဤသည်မှာ ဆေးလိပ်သောက်ခြင်း သို့မဟုတ် မသင့်လျော်သောအစားအသောက်များထက်ပိုမိုများပြားသောသေဆုံးမှုအရေအတွက်ပင်ဖြစ်သည်။ ညစ်ညမ်းမှုများနှင့်ပြည့်နှက်နေသောလေသည် လူ့ကျန်းမာရေးကို ချက်ချင်းနှင့်ရေရှည်ထိခိုက်စေနိုင်ပြီး ပန်းနာရင်ကျပ်၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် အဆုတ်ကင်ဆာကဲ့သို့သောရောဂါများဖြစ်ပွားစေနိုင်သည်။

လေထုညစ်ညမ်းမှု၏အဓိကတရားခံမှာ လူသားတို့၏လုပ်ဆောင်ချက်များပင်ဖြစ်သည်။ စက်မှုတော်လှန်ရေးခေတ်မှစတင်ကာ လူသားတို့သည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုများဖြစ်ပေါ်စေခဲ့သည်၊ ကမ္ဘာ့လျှပ်စစ်ဓာတ်အား၏ ၆၀ ရာခိုင်နှုန်းကျော်ကို ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များ မီးရှို့ဖျက်ဆီးခြင်းမှရရှိသည်၊ ကျောက်မီးသွေးမီးရှို့ဖျက်ဆီးခြင်းမှ ဆာလဖာဒိုင်အောက်ဆိုက် ($SO_2$)၊ နိုက်ထရိုဂျင်အောက်ဆိုက်($NO_x$)၊ ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)နှင့် အမှုန်အမွှားများ ($PM_{2.5}$ / $PM_{10}$) အကြီးအကျယ်ထွက်ရှိသည်။ ဤညစ်ညမ်းမှုများသည် အဆုတ်ရောဂါများဖြစ်ပွားစေခြင်း၊ အက်စစ်မိုးရွာသွန်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကိုဦးတည်စေသည်။ ထို့ပြင် သံမဏိ၊ ဘိလပ်မြေ၊ ဓာတုဗေဒနှင့် သတ္တုတွင်းထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများမှ ညစ်ညမ်းမှုများထွက်ရှိသည်။ VOCs (Volatile Organic Compounds)၊ အလူမီနီယံနှင့် ပြဒါးကဲ့သို့သော အဆိပ်သင့်သတ္တုဒြပ်စင်များထွက်ရှိသည်။ အဆိုပါညစ်ညမ်းမှုများသည် လူကိုကင်ဆာဖြစ်စေနိုင်ပြီး မြေဆီလွှာ၊ ရေထုနှင့် လေထုကိုပါ ညစ်ညမ်းစေသည်။ သယ်ယူပို့ဆောင်ရေးယာဉ်များမှလည်း ဓာတ်ဆီနှင့် ဒီဇယ်ဆီလောင်ကျွမ်းခြင်းမှ ကာဗွန်မိုနောက်ဆိုက် (CO)၊ နိုက်ထရိုဂျင်အောက်ဆိုက် ($NO_x$)၊ ဓာတ်ငွေ့ဒြပ်ပေါင်းများနှင့် အမှုန်အမွှားများထွက်ရှိသည်။ ဒီဇယ်ယာဉ်များမှ $PM_{2.5}$ အမှုန်များသည် အဆုတ်အတွင်းသို့ နက်ရှိုင်းစွာဝင်ရောက်ပြီး အဆုတ်ကင်ဆာနှင့် နှလုံးရောဂါကို ဖြစ်စေနိုင်သည်။

စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအသုံးပြုခြင်းကြောင့်လည်း အမိုးနီးယားဓာတ်ငွေ့ ($NH_3$) ထွက်ရှိပြီး လေထုတွင်ဓာတ်ပြုကာ အမှုန်အမွှားညစ်ညမ်းမှုဖြစ်စေသည်။ တိရစ္ဆာန်မွေးမြူရေးများမှ မီသိန်းဓာတ်ငွေ့ ($CH_4$) ထုတ်လွှတ်မှုသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၁၄ ရာခိုင်နှုန်းခန့်ရှိသည်။ ပလတ်စတစ်၊ ရော်ဘာ၊ လျှပ်စစ်ပစ္စည်းများမီးရှို့ခြင်းမှလည်း ဒိုင်အောက်ဆင်များ၊ အဆိပ်သင့်ဓာတ်ငွေ့များနှင့်အမှုန်အမွှားများထွက်ရှိသည်။ ထို့ပြင် အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများ ဆွေးမြည့်ခြင်းမှ မီသိန်း ($CH_4$) ထွက်ရှိခြင်း စသည်တို့သည် လူသားတို့ကြောင့်ဖြစ်ပေါ်သော လေထုညစ်ညမ်းမှုများဖြစ်ပေါ်စေသည်။

လေထုညစ်ညမ်းမှုဟုဆိုလျှင် လူသားတို့၏ စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ယာဉ်များကြောင့်ဖြစ်ရသည်ဟုသာအများစုကမြင်တတ်ကြသည်၊ သို့သော် သဘာဝတရားကြီးကိုယ်တိုင်ကလည်း လေထုကိုညစ်ညမ်းစေနိုင်သော ဖြစ်စဉ်များစွာရှိသည်။ လူသားတို့၏လုပ်ဆောင်ချက်များနှင့်မတူညီဘဲ ဤသဘာဝဖြစ်စဉ်များသည် ကမ္ဘာဂြိုဟ်၏ ဇီဝရုပ်ဓာတုသံသရာ (Biogeochemical Cycles)နှင့် ရာသီဥတုစနစ်၏ ပုံမှန်အစိတ်အပိုင်းများဖြစ်သည်။ မီးတောင်ပေါက်ကွဲမှုများသည် သဘာဝလေထုညစ်ညမ်းမှု၏ အကြီးမားဆုံးအရင်းအမြစ်တစ်ခုဖြစ်သည်။ ပေါက်ကွဲမှုဖြစ်သည့်အခါ မီးတောင်မှချော်ရည်၊ ပြာမှုန့်များ၊ ဆာလဖာဒိုင်အောက်ဆိုက် ($SO_2$)၊ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)၊ ကလိုရင်း ($Cl_2$) နှင့် ဖလူရင်း ($F_2$) စသည့် ဓာတ်ငွေ့များအကြီးအကျယ်ထွက်ရှိသည်။ ဤဓာတ်ငွေ့များနှင့်ပြာမှုန့်များသည် လေထုတွင်ရှိနေကာ လေထုအရည်အသွေးကိုကျဆင်းစေပြီး နေရောင်ခြည်ကိုအုပ်စီးကာ ကမ္ဘာကြီးပူနွေးမှုကို ယာယီလျှော့ချနိုင်သည်။

ကန္တာရဒေသများတွင်ဖြစ်ပေါ်လေ့ရှိသော သဲမုန်တိုင်းများသည်လေထဲသို့ သဲနှင့်မြေမှုန့်များကို မိုင်ပေါင်းများစွာသယ်ဆောင်သွားနိုင်သည်။ ဤအမှုန်အမွှားများ ($PM_{2.5}$ နှင့် $PM_{10}$) သည် လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကိုဖြစ်ပေါ်စေနိုင်သည်။

> ✤ **လေထုညစ်ညမ်းမှုသည် ခေတ်သစ်လူ့အဖွဲ့အစည်းအတွက် အရေးပါလှသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ယင်းကိုရင်ဆိုင်ဖြေရှင်းရန် လူသားတိုင်း၌ တာဝန်ရှိသည်။ ဤပြဿနာသည် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးထိခိုက်မှုများသာမက စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများကိုပါ ဖြစ်ပေါ်စေသည်။ လေထု၏သန့်ရှင်းသောအရည်အသွေးသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ လွှဲပြောင်းအမွေပေးရမည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်ပြီး ယနေ့ကျွန်ုပ်တို့၏ ရွေးချယ်မှုများသည် နောင်မျိုးဆက်သစ်များ၏အနာဂတ်ကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိမည်ဖြစ် . . .**

ထို့ပြင် ရွှံ့ညွန်များ၊ ရေကန်များနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သောနေရာများတွင် မီသိန်း($CH_4$)နှင့် ဟိုက်ဒရိုဂျင်ဆာလဖိုက် ($H_2S$) ကဲ့သို့သောဓာတ်ငွေ့များ သဘာဝအလျောက်ထွက်ရှိတတ်သည်။ ဤဓာတ်ငွေ့များသည် အနံ့ဆိုးများကိုဖြစ်စေပြီး လေထုညစ်ညမ်းမှုကို အနည်းငယ်ဖြစ်စေနိုင်ခြင်း စသည့်သဘာဝတို့ကြောင့် ဖြစ်ပေါ်သော လေထုညစ်ညမ်းမှုများဖြစ်သည်။

သန့်ရှင်းသောလေအတွက် နိုင်ငံတကာအဆင့် မူဝါဒပြောင်းလဲမှုများသာလိုအပ်သည်မဟုတ်ပေ။ ကျွန်ုပ်တို့တစ်ဦးချင်းစီကပြုလုပ်နိုင်သော လုပ်ဆောင်ချက်များစွာရှိသည်၊ ကိုယ်ပိုင်ကားအသုံးပြုမှုကိုလျှော့ချပြီး လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း သို့မဟုတ် ပြည်သူ့သယ်ယူပို့ဆောင်ရေးကိုအသုံးပြုပြီး လောင်စာဆီချွေတာသောကားများ သို့မဟုတ် လျှပ်စစ်ကားများကို ပိုမိုအသုံးပြုသင့်သည်။ အိမ်တွင်းသုံးလျှပ်စစ်မီးကို မလိုအပ်လျှင်ပိတ်ခြင်းနှင့် စွမ်းအင်ထိရောက်မှုရှိသော မီးသီးများနှင့် ပစ္စည်းကိရိယာများကိုအသုံးပြု၍ ဖြစ်နိုင်လျှင် နေရောင်ခြည်စွမ်းအင်သုံး သို့မဟုတ် လေစွမ်းအင်ကဲ့သို့သော စိမ်းလန်းသောစွမ်းအင်ရွေးချယ်သုံးသင့်သည်။ မီးရှို့ခြင်းသည် လေထုညစ်ညမ်းမှုကိုဖြစ်စေသောကြောင့် စွန့်ပစ်ပစ္စည်းများကိုလျှော့ချပြီး ပြန်လည်အသုံးပြု၍ရသည့်ပစ္စည်းများကို ပိုမိုသုံးစွဲသင့်သည်။ ထို့ပြင် စနစ်တကျစွန့်ပစ်ခြင်းဖြင့်လည်း လေထုညစ်ညမ်းမှုကိုလျှော့ချနိုင်သည်။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာများကိုလျှော့ချနိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်မှုဆိုင်ရာ အာဆီယံသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ဖြတ်ကျော်သည့် သဘာဝရှိသည့်အတွက် အိမ်နီးချင်းနိုင်ငံများအကြားတွင် ဖြစ်ပေါ်လေ့ရှိသည့် နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လေထုညစ်ညမ်းမှုနှင့်အတူ ရာသီဥတုပြောင်းလဲမှုကိုပါဖြစ်ပေါ်စေသော မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များအသုံးပြုရေး၊ အစိမ်းရောင်စီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များကို သန့်ရှင်းသောလေထု၊ စိမ်းလန်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်များအား လက်ဆင့်ကမ်းအမွေပေးသွားနိုင်ရေးအတွက် နိုင်ငံတကာနှင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်လျက်ရှိသည်။

လေထုညစ်ညမ်းမှုသည် ခေတ်သစ်လူ့အဖွဲ့အစည်းအတွက် အရေးပါလှသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ယင်းကို ရင်ဆိုင်ဖြေရှင်းရန် လူသားတိုင်း၌ တာဝန်ရှိသည်။ ဤပြဿနာသည် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးထိခိုက်မှုများသာမက စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများကိုပါ ဖြစ်ပေါ်စေသည်။ လေထု၏ သန့်ရှင်းသောအရည်အသွေးသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ လွှဲပြောင်းအမွေပေးရမည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်ပြီး ယနေ့ကျွန်ုပ်တို့၏ ရွေးချယ်မှုများသည် နောင်မျိုးဆက်သစ်များ၏အနာဂတ်ကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။

နိုင်ငံတကာမှချမှတ်ကျင့်သုံးနေသော စည်းမျဉ်းများ၊ နည်းပညာအသစ်များ၏တီထွင်မှုနှင့် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုများသည် လေထုညစ်ညမ်းမှုလျှော့ချရေးကို ဖြစ်ပေါ်စေသော်လည်း စဉ်ဆက်မပြတ်တိုးတက်သော လူဦးရေ၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် စွမ်းအင်လိုအပ်ချက်တို့ကြောင့် လေထုညစ်ညမ်းမှုသည် အနာဂတ်တွင်လည်း ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုကို ထိရောက်စွာလျှော့ချနိုင်ရန် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ပြီး သိပ္ပံနည်းကျဆုံးဖြတ်ချက်များနှင့် လူထုအသိပညာပေးလှုပ်ရှားမှုများပိုမိုအားကောင်းလာရန်လိုအပ်သည်။

လေထုညစ်ညမ်းမှုဆိုင်ရာ ကာကွယ်တားဆီးရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များသည် အမျိုးသားအဆင့် မူဝါဒချမှတ်ခြင်းများ၊ စက်မှုကဏ္ဍ၏ တာဝန်ယူမှုနှင့် တစ်ဦးချင်းစီ၏ နေ့စဉ်ရွေးချယ်မှုများကဲ့သို့သော ကဏ္ဍပေါင်းစုံမှ စုပေါင်းအားထုတ်မှု လိုအပ်လျက်ရှိသည်။ ကျွန်ုပ်တို့၏လက်ရှိကြိုးပမ်းမှုများသည် ကျွန်ုပ်တို့၏ကမ္ဘာကြီးကို ပိုမိုသန့်ရှင်းခြင်း၊ ကျန်းမာခြင်းနှင့် တည်တံ့ခိုင်မြဲသောအနာဂတ်ဆီသို့ ဦးတည်ရာလမ်းကြောင်းကို သတ်မှတ်ပေးနိုင်မည်ဖြစ်သည်။ သန့်ရှင်းသောလေထုကို ထိန်းသိမ်းခြင်းသည် ကျွန်ုပ်တို့၏ပစ္စုပ္ပန်အကျိုးစီးပွားအတွက်သာမက နောင်လာမည့်မျိုးဆက်သစ်များအတွက် ကျွန်ုပ်တို့ထားရှိရမည့် အရေးပါသောတာဝန်ဝတ္တရားလည်းဖြစ်ပါသည်။ ။

# မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၌ ကန်သာယာညဈေးဖွင့်ပွဲပြုလုပ်

နေပြည်တော် မတ် ၈

(၈၁)နှစ်မြောက်တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဒေါနခြံရပ်ကွက်ရှိ ကန်သာယာအရှေ့ဘက်တွင် ကန်သာယာညဈေးဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါနေရာ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူတစ်ဦးက လုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါညဈေးရှိ ဈေးဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများက ကန်သာယာညဈေးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ကမာရွတ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနအား မီးဘေးလုံခြုံရေးဆောင်ရွက်

ရန်ကုန် မတ် ၈

မတ်လ ၁၁ ရက်တွင် ကျင်းပမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဝင်ရောက်ဖြေဆိုနိုင်စေရန်ရည်ရွယ်၍ မတ်လ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက် ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC) စာစစ်ဌာန၌ မီးဘေးလုံခြုံရေးဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြင့်သူဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ကမာရွတ်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ စာမေးပွဲဖြေဆိုမည့် အခန်းများအား မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စစ်ဆေးခြင်းဆောင်ရွက်ပြီး မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိမ်းလဲ့(ပြန်/ဆက်)**



# မြန်အောင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ နွေရာသီအားကစားသင်တန်းဖွင့်လှစ်



မြန်အောင် မတ် ၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှကြီးမှူး၍ နွေရာသီအားကစားသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ်လ ၇ ရက်က မြန်အောင်မြို့ အောင်ဇေယျအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် ကော်မတီဝင် ဗိုလ်မှူးမင်းမင်းစိုးတို့က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာအသုံးချပြီး မိမိတို့ဝါသနာပါရာအားကစားကို ကြိုးစားသင်ယူကြရန် အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများနှင့် အားကစားဝတ်စုံများ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းတွင် မြန်မာ့သိုင်း၊ ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်အားကစားနည်းများပါဝင်ပြီး သင်တန်းကို မတ်လ ၃၁ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# သန်လျင်မြို့နယ် စိကုန်းကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကဒတ်ဖျာကျေးရွာအုပ်စု စိကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မတ်လ ၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မြတ်မော်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် စိကုန်းကျေးရွာ၌ အရှည် ပေ ၄၀၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းစာသင်ကျောင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

စိကုန်းကျေးရွာ၌ အဆိုပါကွန်ကရစ်လမ်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းခွင့်ပြုငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၇ ဒသမ ၃၂ သန်း စုစုပေါင်းငွေကျပ် ၂၂ ဒသမ ၃၂ သန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်မတ်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

# ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန် ဖွင့်လှစ်ခဲ့သည့် အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ အချိန်ကို အကျိုးရှိစွာအသုံးပြုနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲအခမ်းအနားကို မတ်လ ၇ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေနှင်း၊ တောင်ဥက္ကလာပမြို့နယ် Book Club အဖွဲ့ဝင် ဦးစိန်ကျော်သင်းနှင့် စာရေးဆရာမောင်ယဉ်ဝေတို့က သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းက သင်တန်းနည်းပြဆရာဦးမြင့်မောင်အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

အဆိုပါအင်္ဂလိပ်စာအခြေခံသင်တန်းကို တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၆ ဦးတက်ရောက်သင်ကြားခဲ့ကြပြီး ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၆ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**

**လေကောင်းလေသန့်ရသော ပတ်ဝန်းကျင်တွင် လမ်းလျှောက်ရင်းအသက်ရှူလေ့ကျင့်ခန်းများ ပြုလုပ်ပေးပါ။**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဂျိုင်း(ဇာသပြင်)တံတားနှင့် အတ္တရံတံတားဖွင့်ပွဲများသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် မတ် ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ - ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်သော ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဂျိုင်း(ဇာသပြင်) တံတားအသစ်နှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အတ္တရံတံတားအသစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ် ပေးသည်။





နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဂျိုင်း(ဇာသပြင်) တံတားအသစ်ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

အဆိုပါအခမ်းအနားများသို့ပြည်ထောင်စု ဝန်ကြီးများ၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ် ဝန်ကြီးချုပ်များ၊ အရှေ့တောင်တိုင်းစစ် ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများ၊ တိုင်းရင်းသားရိုးရာအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များ အသစ်တည်ဆောက်ပြီးစီးသည့် အတ္တရံတံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ၊ ဂျိုင်း(ဇာသပြင်)တံတားအသစ်ဖွင့်ပွဲအခမ်း အနားသို့ရောက်ရှိကြရာ တာဝန်ရှိသူများ က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က မင်္ဂလာအချိန် တွင် ဂျိုင်း(ဇာသပြင်) တံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဂျိုင်း(ဇာသပြင်)တံတားအသစ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

၎င်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့ကြ သည့် အင်ဂျင်နီယာအဖွဲ့များအား အထိမ်း အမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ဂျိုင်း(ဇာသပြင်) တံတားအသစ်ဖွင့်ပွဲအထိမ်းအမှတ် လက် ဆောင်အား ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့် က ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အသစ် တည်ဆောက်ပြီးစီးသည့် တံတားကြီးပေါ် မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်၊ မော်လမြိုင် မြို့ရှိ အတ္တရံတံတားအသစ်ဖွင့်ပွဲအခမ်း အနားသို့ ဆက်လက်တက်ရောက်ကြ သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်ကျော်ထွန်း၊ ဗိုလ်ချုပ် ဖြိုးသန့်နှင့် ဦးမျိုးမြင့်တို့က အတ္တရံတံတား အသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အတ္တရံတံတားအသစ်ကမ္ပည်း မော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေး သည်။

၎င်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ အတ္တရံတံတားအသစ်ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်အား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အသစ် တည်ဆောက်ပြီးစီးသည့်တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ဂျိုင်း(ဇာသပြင်)တံတားအသစ်သည် သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏ အရှည်မှာ ၂၆၁၅ ပေ၊ ယာဉ်သွားလမ်း အကျယ်လေးလမ်းသွား၊ ရေလမ်းကင်းလွတ် အကျယ် ၇၅၀ ပေနှင့် အမြင့် ၄၀ ပေရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်ကြောင်း၊ အတ္တရံတံတားသစ် သည်လည်း သံမဏိကြိုးဆိုင်းတံတား ဖြစ်ပြီး တံတား၏အရှည်မှာ ၁၅၇၅ ပေ၊ ယာဉ်သွားလမ်းအကျယ် လေးလမ်းသွား၊ ရေလမ်းကင်းလွတ်အကျယ် ၄၀၀ ပေ၊ အမြင့် ၄၀ ပေရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကြောင်း။

အဆိုပါ ခေတ်မီသံမဏိကြိုးဆိုင်း တံတားကြီးများ တည်ဆောက်ပြီးစီးခဲ့ခြင်း ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ဒေသတွင်းလူမှုစီးပွားဘဝများနှင့် ပြည်တွင်း /ပြည်ပ စီးပွားရေးလုပ်ငန်းများ လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ အလုပ် အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာ ကြမည်ဖြစ်ကြောင်း၊ ယင်းတံတားများကို အသုံးပြု၍ မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှ တစ်ဆင့်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် မြို့တွင် တည်ဆောက်မည့် အထူးစီးပွားရေး ဇုန်၊ ရေနက်ဆိပ်ကမ်းနှင့် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့လည်း ကုန်စည် စီးဆင်းမှုများ ပိုမိုကောင်းမွန်မြန်ဆန်လာ မည်ဖြစ်သကဲ့သို့ အရှေ့ - အနောက်စီးပွား ရေးစင်္ကြံလမ်းပေါ်ရှိ ဗီယက်နမ်၊ လာအို၊ ထိုင်းနိုင်ငံများနှင့်ပါ ဆက်သွယ်သွားလာ နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် သည် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်/ ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြော ကြားကာ ဌာနအလိုက်ဆွေးနွေးတင်ပြ ချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(၁၀၀)**

---

# မြစ်သားမြို့နယ်၌ တောင်သူများစိုက်ပျိုးထားသော မျိုးကြက်သွန်စိုက်ခင်းများရိတ်သိမ်းပြီးဖြစ်

မြစ်သား မတ် ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် ခရိုင် မြစ်သားမြို့နယ်၌ မျိုးကြက်သွန် စိုက်ခင်းများရိတ်သိမ်းပြီးဖြစ်ကြောင်း သိရ သည်။

မြစ်သားမြို့နယ်ရှိ ကြက်သွန်စိုက် တောင်သူများသည် ကြက်သွန်ပေါ်ချိန်တွင် ကြက်သွန်မျိုးကောင်းမျိုးသန့်ရရှိစေရန် လုံးဝန်းကြီးမားသည့် ဥများအားရွေးချယ် ထားကြကာ တန်ဆောင်မုန်းလတွင်စိုက်ပျိုး ကြကြောင်း၊ စတင်စိုက်ပျိုးပြီး တစ်လခန့် ကြာလျှင် ကြက်သွန်ဥမှ မန်တိုင်(ခေါ်) စိန်ဖူးသဏ္ဌာန် ကြက်သွန်အဖူးထွက်လာ ကြောင်း သိရသည်။

မျိုးစေ့ကြက်သွန်များကို မိုးမကျမီအချိန် တွင် ရိတ်သိမ်းကာနေလှန်း၍ ကြက်သွန်မျိုး စေ့ထုတ်ယူပြီး လုံခြုံသောပုံးများဖြင့် ထည့်ထားကြောင်းနှင့် ဆောင်းကြက်သွန် စိုက်ပျိုးချိန်တွင် ကြက်သွန်မျိုးစေ့များ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကြက်သွန်နီမျိုးစေ့ကောင်းမွန် စေရန်နှင့် အချိန်မီစိုက်ပျိုးနိုင်ရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက် ရှိကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ (မြေ၊ မျိုး၊ ပိုး)တာဝန်ခံဝန်ထမ်းများကလည်း မြို့နယ်အတွင်းရှိ တောင်သူများအား မြေဆီလွှာကောင်းမွန်စေရန် လုပ်ဆောင် ရမည့်နည်းစနစ်များ၊ ပိုးမွှားရောဂါကျရောက်ပါက ကာကွယ်ရန်နည်းလမ်းများနှင့် အခြေခံ သီးနှံစိုက်ပျိုးနည်းစနစ်များကိုကွင်းဆင်း အသိပညာပေးခြင်းများ ဆောင်ရွက်ပေး ကြောင်း သိရသည်။

မြစ်သားမြို့နယ်မှ ကြက်သွန်စိုက် တောင်သူများသည် မျိုးကောင်းမျိုးသန့်များ ကိုရွေးချယ်ကာ ပျိုးထောင်စိုက်ပျိုးကြောင်း၊ မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ် သော လက်ပံဆိပ်ကျေးရွာ၊ ကူဖြူကျေးရွာ၊ နီပါးကုန်းကျေးရွာ၊ နှဲဝဲကျေးရွာ၊ ကဆွန် ကျေးရွာ၊ လမ်းခွကျေးရွာ၊ ပေါမောကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာ၊ အုပ်ရှစ်ကုန်း ကျေးရွာ၊ တလိုင်းကုန်းကျေးရွာ၊ ထနောင်း ကုန်းကျေးရွာ၊သမတန်းကျေးရွာ၊ငါးဆူကျေး ရွာ၊ရွှေပေါက်ကျွန်းကျေးရွာ၊ကျန်တောကျေးရွာ၊ ကုက္ကိုကုန်းကျေးရွာ၊ ရွှေကြာအင်းကျေးရွာ၊ ကုက္ကိုစုကျေးရွာတို့၌ မျိုးကြက်သွန်စိုက်ပျိုး ကြကြောင်းသိရသည်။ **ဝါဝါမြင့်(မြစ်သား)**





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်း ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

★ ရှေ့ဖုံးမှအဆက်

ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော် (ရေ)မှအရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

**ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းဖွင့်ပွဲ အခမ်းအနား**

ဦးစွာ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းသို့ နိုင်ငံတော်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်း ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းက ရေလုံလွန်းကျင်းဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Shipyard Management Software ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရောနှင့် Frame တို့အား စက်ခလုတ်နှိပ်ဂဟေတွဲဆက်၍ ရေယာဉ်တည်ဆောက်မှုလုပ်ငန်းအားစတင်ပေးစဉ်။

လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် တပ်မတော်(ရေ)မှအရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တာဝန်ရှိသူများမှ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တန် ၄၀၀၀၀ ရေလုံလွန်းကျင်း ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလုံလွန်းကျင်းအုပ်ချုပ်မှုအဆောက်အဦ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြပြီး Shipyard Management Software ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို တည်ဆောက်ရေးအလုပ်ရုံ၌ ဆက်လက်ကျင်းပပြုလုပ်ပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် တပ်မတော်(ရေ)အတွက်သာမက မြန်မာနိုင်ငံတွင်ပါ စွမ်းဆောင်ရည်အရလည်းကောင်း၊ အရွယ်အစားအရလည်းကောင်းအကြီးမားဆုံးဖြစ်လာမည့် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းကြီးကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ယခုဖွင့်လှစ်သည့် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းတွင် ပထမဆုံးစတင်တည်ဆောက်မည့် စစ်ရေယာဉ်များ၏ ရောခင်းမင်္ဂလာအခမ်းအနားအပါအဝင် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်(သာလွန်မင်း)နှင့် မြစ်တွင်းသွားဘက်စုံသုံး စစ်ရေယာဉ်များကိုလည်း တပ်တော်ဝင်နိုင်မည်ဖြစ်ခြင်းကြောင့်နိုင်ငံတော်နှင့်တပ်မတော်အတွက်ဂုဏ်ယူစရာကောင်းပြီးအားသစ်လောင်းသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်အတွင်းသာမကဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာတည်ရှိနေသကဲ့သို့ မြန်မာ့ပင်လယ်ပြင်သည်လည်း ကမ္ဘာ့ကုန်သွယ်ရေကြောင်း ရေယာဉ်ကြီးများ ဖြတ်သန်းသွားလာနေသည့် အဓိကရေလမ်းကြောင်းများအနက် တစ်ခုအပါအဝင်ဖြစ်ခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေယာဉ်ကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းကောင်းများနှင့် ရေနက်ဆိပ်ကမ်းများရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားအတွက် စာမျက်နှာ ၁၁ သို့ ☆

**❖ မိမိတို့နိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်အတွင်းသာမကဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာတည်ရှိနေသကဲ့သို့ မြန်မာ့ပင်လယ်ပြင်သည်လည်း ကမ္ဘာ့ကုန်သွယ်ရေကြောင်း ရေယာဉ်ကြီးများဖြတ်သန်းသွားလာနေသည့် အဓိကရေလမ်းကြောင်းများအနက် တစ်ခုအပါအဝင်ဖြစ် . . .**

**❖ ကမ္ဘာ့ကုန်သွယ်ရေယာဉ်ကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းကောင်းများနှင့် ရေနက်ဆိပ်ကမ်းများရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားအတွက် အလွန်အရေးပါလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ် . . .**

**❖ ရေကြောင်းအကျိုးစီးပွားများဖြစ်သည့် ပင်လယ်ပြင်မှ စွမ်းအင်အကျိုးစီးပွားများ၊ ငါးသယံဇာတများ၊ ပင်လယ်ပြင်ဆက်သွယ်ရေးလမ်းကြောင်းကြီးများ၊ ရေကြောင်းကုန်သွယ်မှုများနှင့် ရေနက်ဆိပ်ကမ်းကြီးများအား အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာ အသုံးချနိုင်စေရန် စွမ်းရည်ထက်မြက်၍ အင်အားတောင့်တင်းသော ရေတပ်ထူထောင်ထားရှိရန်လိုအပ်မည်ဖြစ် . . .**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing attends commissioning of 40,000-ton dry dock of Naval Shipyard HQ and war vessels of Tatmadaw (Navy)

NAY PYI TAW March 8

The opening ceremony of a 40,000-ton dry dock of Naval Shipyard HQ, an auspicious ceremony of the anti-submarine vessels and commissioning of war ships of the Tatmadaw (Navy) were held at the workshop of the 40,000-ton dry dock and Naval Jetty, Naval Shipyard HQ, Thanlyin Station this morning, attended by Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present together with the Senior General were SSPC Secretary Commander-in-Chief (Army) General Ye Win Oo, Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) General Tun Aung, union-level dignitaries, retired commanders-in-chief (Navy), the Yangon Region chief minister, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, commanders of Naval Command HQs, commanders of Naval Base HQs, officers and other ranks of Tatmadaw (Navy) and honoured guests.



Senior General Min Aung Hlaing delivers an address at the launching ceremony of the dry dock.



Senior General Min Aung Hlaing views the documentary photos of the 40,000-ton dry dock project.



Senior General Min Aung Hlaing sprinkles scented water on the plaque of the dry dock.

**Opening ceremony of a 40,000-ton dry dock of Naval Shipyard HQ**

The Senior General and party arrived at the venue of the ceremony and were welcomed by the Commander-in-Chief(Navy) Admiral Htein Win and senior naval officers. After the officials formally opened the dry dock, the Senior General unveiled the stone plaque of the dry dock, followed by the sprinkling of scented water on the stone plaque. The Senior General and party posed for documentary photos together with the honoured guests.Later, the Senior General and party sprinkled scented water on the plaque of the management building of the dry dock and inspected the functions of the Shipyard Management Software room.

At the second part of the ceremonies held at the workshop, the Senior General delivered an address. Today, the 40,000-ton dry dock that will become the largest shipyard in terms of efficiency and capacity not only for the Tatmadaw (Navy), but also for Myanmar, has been successfully launched. Moreover, the auspicious ceremony for the naval vessels that will be the first ships to be built at the drydock and the commissioning ceremony of the Frigate

See Page - 21►►

►► From Page - 21

and commission large frigate warships has provided significant support to the Tatmadaw in carrying out its duties for national defence and security. It has also further strengthened the control and security of Myanmar's territorial waters.

The warships to be commissioned into service today at the launching ceremony are the first war vessels to be constructed at the 40,000-ton dry dock. The ability to build these ships will enhance Myanmar's maritime defence capabilities. Tatmadaw (Navy) began its shipbuilding activities in 1960, giving it considerable construction experience; however, it must continue to diligently study, learn, and apply modern shipbuilding techniques in line with current advancements.

Since the dry dock is an internationally advanced facility, personnel are encouraged to operate the dock and its equipment efficiently, fully utilizing their lifespan and capabilities. Efforts should be made to construct and repair large vessels for both domestic and international maritime trade to ensure returns on investment. Ship architecture and shipbuilding operations, as well as the development of human resources, must be steadily advanced. New-generation naval officers and servicemen assigned to various roles should be guided with sound traditions and practices. In fulfilling their duties to protect Myanmar's maritime territory and interests, they are urged to uphold and preserve the Tatmadaw's fine traditions with the same vitality and dedication.

The Senior General and attendees watched a video clip on construction of the dry dock.

The chair of the company taking responsibilities for construction of the dry dock of the Naval Dockyard Command Headquarters handed over documents related to the dry dock to the commandant of the Naval Dockyard Command. The Commander-in-Chief (Navy) presented a gift in commemoration of the opening of the dry dock to the Senior General who gave the fruit basket to the company chair.

**The auspicious ceremony to place the keel for submarine destroyers**

An official reported on construction of war vessels at the ceremony to place the keel of submarine destroyers.

The Senior General pressed the button to weld the keel and frame of submarine destroyers to launch the shipbuilding process and sprinkled scented water on the bronze plaque of keel and body parts.

The Senior General and party inspected the shipbuilding process and visited the gallery of shipbuilding and the dry dock, leaving necessary guidance.

The Naval Dockyard Command's shipyard project was initiated in three phases. The first-phase project was successfully constructed and launched between 1998 and 2002, and the second-phase project from 2009 to 2013, enabling the construction and repair of war vessels as well as departmental and private ships. The third-phase project began construction in 2019, and today the third-phase facilities have been successfully inaugurated.

The Naval Dockyard Command's dry dock is capable of constructing or repairing large war vessels and commercial ships, which will further enhance the country's maritime economic benefits and maritime capacity, and provide substantial support for national development.

**A ceremony to commission war vessels into service**

The commissioning of war vessels of Tatmadaw (Navy) took place at the navy jetty in Yangon, attended by the Senior General.

Also present at the ceremony were his wife Daw Kyu Kyu Hla, Commission Secretary Commander-in-Chief (Army) General Ye Win Oo and his wife, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, Union-level dignitaries and their wives, retired commanders-in-chief (navy) and their wives, senior military officers from the Office of the Commander-in-Chief and their wives, the commander of Yangon Command, commanders of Naval Commands, commanders of Naval Bases, officers, other ranks and officials from Tatmadaw (Navy) and guests.

Afterwards, Commander-in-Chief (Navy) Admiral Htein Win explained regarding the commissioning ceremony of the naval ships. Then, the Commander of the Naval Dockyard Command handed over the documents related to the commissioning naval ships to the Commander of.

Subsequently, the Commander-in-Chief (Navy) respectfully presented miniature models of naval ships commemorating the commissioning ceremony to the Senior General.

Continuing, the Senior General handed over the commissioning pennants to the Commander-in-Chief (Navy) for the naval ships to be commissioned, and the Commander-in-Chief (Navy) received them and subsequently handed them over to the respective naval ship captains.

After that, Chief of Staff (Navy) Vice Admiral Aye Min Htwe announced the naval ships as commissioned, hoisted the State Flag, hoisted the Navy Flag, hoisted the Commission ing Pennant, rang the bell eight times, and carried out the commissioning procedures in order.

Next, the Senior General and party toured the commissioning naval ships, namely the Frigate (King Thalun) and responsible officials explained alongside.

Afterwards, the Senior General and party took a commemorative group photo with the distinguished guests who attended.

Continuing, the Senior General arrived on board the Naval Ship (Mottama) and signed the visitor's logbook. Then, the Chairman of the State Security and Peace Commission, Commander-in-Chief of Defence Services, received the salute of the Guard of Honour from the saluting dais and inspected the Guard of Honour. While receiving the salute of the Guard of Honour, naval ships Yantaing Aung and Yangyi Aung fired a 21-gun salute to honour the Senior General.

Subsequently, the Commander-in-Chief (Navy) respectfully presented the first cannon shell casing fired during the gun salute as a commemorative gift to the Senior General.

After that, the Senior General presented the Commander-in-Chief of Defence Services' commemorative insignia and certificates of honour to the officers and other ranks who had participated during the construction period of the commissioning naval ships, and the respective responsible persons received them.

It is reported that at today's commissioning ceremony of Myanmar Navy ships, the frigate King Thalun, which was commissioned, is the largest naval ship by size built indigenously and commissioned in the history of Myanmar Navy shipbuilding. It underwent long-distance sea trials for over a month, with a total steaming time of over 270 hours, covering a distance of about 3,500 nautical miles. During the trial voyage, tests for compliance with standards and testing of the usability of the equipment installed on the ship according to specified standards were carried out, leading to its commissioning today. It is reported that being able to indigenously build and commission naval ships like this has greatly contributed to enhancing the Tatmadaw's capability to carry out national defence and security duties.

**100**

# Traders sell large volume of Pakhan strain paddy to Yangon market

MYANAUNG March 8

"Local merchants from Myanaung Township of Ayeyawady Region sold a large volume of Pakhan strain of paddy to Yangon market," said Daw San San Win, the owner of rice and paddy trading in Myanaung Township.

Up to 60,000 baskets of Pakhan strain paddy were shipped and sold from Myanaung Township to the Yangon market, according to sources.

"Large volumes of Pakhan paddy were shipped from Myanaung Township over the past month," said Daw San San Win, a rice and paddy trading depot owner from Myanaung Township. "Pakhan paddy sent from Myanaung to the Yangon market is of fairly good quality. Demand from buyers in the Yangon market is strong, which has led to increased shipments. Current paddy prices are also high, and Pakhan paddy is in strong demand in the domestic rice and paddy market."

It is reported that Pakhan paddy shipped from Myanaung Township to the Yangon market over the past month has been trading at up to Ks-1,550,000 per 100 baskets. With trading activity improving, farmers, traders, loading and unloading workers, and freight truck rental operators are gaining increased employment opportunities. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# War against Iran could be catastrophic for environment in Persian Gulf — Expert



BEIRUT March 8

Any incident involving a large number of oil tankers in the Hormuz Strait could lead to a massive oil spill, potentially causing serious pollution to the marine ecosystem of the Persian Gulf, president of the Lebanese environmental association "Earth", Paul Abi Rached, tells Sputnik.

"This is not only about marine pollution but also about the global crisis of biodiversity loss," he says, adding that wars disrupt environmental protection mechanisms and destroy natural habitats.

The region of the Persian Gulf is relatively enclosed marine environment, which makes the situation even more complex, as it requires a long time to recover from environmental disasters, Abi Rached adds.

This highlights Western double standards, the expert notes — the US and the EU talk about environmental protection but as soon as this collides with their geopolitical interests, the whole topic takes a backseat.

"If the military escalation in the Persian Gulf region continues for an extended period, the environmental risks could become extremely serious," he concludes.

**Sputnik**

# Quake damages houses, buildings in northwestern Greece



ATHENS March 8

A 5.3-magnitude earthquake struck northwestern Greece's Epirus region early Sunday, damaging houses, churches and other public buildings in Thesprotia and Ioannina, about 330-380 km northwest of Athens, local authorities said.

According to Greek national broadcaster ERT, damage was first reported in Polydroso village in the municipality of Souli, near the epicenter. Technical teams from the municipality have been inspecting buildings, with several houses deemed uninhabitable, Souli Mayor Thanasis Danis said.

Residents remain concerned as dozens of aftershocks continue to shake the area. Authorities said people whose homes were affected will be temporarily accommodated in a hotel.

Serious damage was also recorded in Psina village in the municipality of Dodoni, in Ioannina, about 360 km northwest of Athens. The local church of Agia Marina suffered major structural damage, with part of the building collapsing, while the village's central church, Panagia, developed large cracks.

An old school building and several houses in the village were also affected.

Meanwhile, landslides occurred along the old Igoumenitsa-Ioannina national road, prompting local authorities to deploy machinery to clear debris and restore traffic. No casualties were reported so far.

**Xinhua**

## Iranian Military ready to respond to US ground invasion - Foreign Minister

WASHINGTON March 8

Iran will be ready to respond in the event of a ground invasion by the United States, Iranian Foreign Minister Abbas Araghchi said on Sunday.

"For the time being, we are capable enough. We have very brave soldiers who are waiting for any enemy who enter into our soil to fight with them and… to kill them and destroy them," Araghchi told the NBC News broadcaster.

Iran expects the United States to explain its aggression against the Islamic Republic before Tehran considers a ceasefire deal, Araghchi said.

"They have to explain why they started this aggression before we come to the point to even consider a ceasefire," Araghchi told NBC News.

Iran has been exercising its right to self-defence, he added.

**Sputnik**

# Conflict in Middle East should never have started - Chinese Foreign Minister

BEIJING March 8

The military conflict in the Middle East should never have started, it is not beneficial to either side, Chinese Foreign Minister Wang Yi said at a press conference on Sunday.

"I want to say that this war should never have happened; it is a war that benefits neither side," Wang Yi said at the annual press conference of the National People's Congress (China's parliament).

The diplomat emphasized that the history of the Middle East has repeatedly shown the world that force was not a solution to problems, and military clashes only bred new hatred and created new crises.

"The people of the Middle East are the true masters of this region, and its affairs should be handled by the countries of the region themselves," Wang Yi said.

Major countries should uphold justice and make positive contributions to peace and development in the Middle East, he added.

The press conference by the Chinese Foreign Minister is being held on the sidelines of the Fourth Session of the 14th National People's Congress (NPC), the country's highest legislative body, which is being held in Beijing from March 5 to 12.

**Sputnik**

## U.S. military destroys 42 Iranian navy ships over last three days, says Trump

WASHINGTON March 8

U.S. President Donald Trump said Saturday that the U.S. military has destroyed 42 Iranian navy ships and paralysed Iran's communications over the last three days.

He made the claims while addressing leaders from 12 Western Hemisphere countries at the "Shield of the Americas Summit" in Doral, Florida.

"That was the end of the navy. We knocked out their air force, we knocked out their communications, and all telecommunications is gone," Trump said.

The United States and Israel on February 28 launched what they described as "major combat operations" against Iran. Iran has since retaliated with a series of counterattacks against Israeli and U.S. targets across the region.

Over the past week, the Iranian military launched around 600 missiles, along with approximately 2,600 drone operations, hitting 200 U.S. and Israeli targets, the semi-official Tasnim news agency reported on Saturday. **Xinhua**

## 6.0-magnitude earthquake hits NE Japan coast, no tsunami warning issued

TOKYO March 8

An earthquake with a preliminary magnitude of 6.0 struck off the coast of Iwate Prefecture, northeastern Japan, on Sunday, the country's weather agency said.

The temblor occurred at 10:17 pm local time at a depth of 10 km, measuring 3 on Japan's seismic scale of 7 in some areas in Aomori, Iwate, Miyagi and Yamagata prefectures, said the Japan Meteorological Agency (JMA).

The quake's epicenter was located off the coast of Sanriku at a latitude of 39.4 degrees north and a longitude of 143.2 degrees east.

No tsunami advisory was issued, according to the JMA.

**Xinhua**



Senior General Min Aung Hlaing inspects the Guard of Honour.



Senior General Min Aung Hlaing inspects a commissioned ship.



Senior General Min Aung Hlaing presents commissioning pennants to the Commander-in-Chief (Navy).



Senior General Min Aung Hlaing sprinkles scented water on the bronze plaque of keel and body parts.

►► **From Page - 18**

King Thalun and riverine multi-purpose combat craft, built by the Tatmadaw (Navy) would be held. So, it is a day on which the Tatmadaw (Navy) is reinforced with new strength and which is a pride for the country.

The country's maritime interest not only lies in theterritorial waters, but also reaches the offshore area where special economic zone is located, and because of their participation in the main maritime trade routes of the world and possession of perfect ports and deep-sea ports, the Myanmar seas are so much important for the State's maritime interest.

In this regard, the country needs a powerful navy to effectively use the energy resources, fish resources, major sea routes, maritime trade and deep-sea ports that are maritime interests for the benefit of the nation.

Taking into account the plans to build and repair the warships by the Tatmadaw (Navy) for its future needs and to build and repair large commercial cargo ships as a means to support the national interest in one way or another, the dry dock project began in 2018.

Regarding the shipbuilding sector of Tatmadaw (Navy), the ability to domestically construct

**See Page - 19►►**



The opening ceremony of 40,000-ton dry dock in progress.




Senior General Min Aung Hlaing presents a fruit basket to the chairman of the company that took part in building the 40,000-ton dry dock.

## မျက်မှောက်ကာလ အီရန်နှင့်အရှေ့အလယ်ပိုင်းရေးရာ

နိုင်အောင်စုစည်းသည်

# အမေရိကန်နှင့်အစ္စရေးတပ်ဖွဲ့များ၏ ကျူးကျော်ဝင်ရောက်လာနိုင်မှုအတွက် အသင့်ပြင်ဆင်ထားဟုဆိုလာသည့်အီရန်



အီရန်အနေဖြင့် လက်ရှိတွင် နိုင်ငံ၏နယ်စပ်များကိုထိန်းချုပ်ထားပြီး အမေရိကန်နှင့် အစ္စရေးတပ်ဖွဲ့များ၏ ကျူးကျော်ဝင်ရောက်လာနိုင်မှုအတွက် အသင့်ပြင်ဆင်ထားကြောင်း အီရန်အစိုးရ သတင်းပြန်ကြားရေးကောင်စီအကြီးအကဲ အီလီယက်ဟက်ရာတီက မတ်လ ၈ ရက်တွင် ပြောကြားလိုက်သည်။

အီရန်အစိုးရသည် နိုင်ငံ၏နယ်စပ်များကို ထိန်းချုပ်ထားပြီးဖြစ်သောကြောင့် အမေရိကန်နှင့် အစ္စရေးမြေပြင်တပ်ဖွဲ့များ၏ ဝင်ရောက်ကျူးကျော်မှုကိုရင်ဆိုင်ရန် အသင့်ရှိနေသည်ဟု ဟက်ရာတီ၏ ပြောကြားချက်ကိုကိုးကား၍ ရုရှားသတင်းဌာနတစ်ခုက ဖော်ပြထားသည်။

ထို့ပြင် အီရန်နိုင်ငံအနေဖြင့် ဆက်လက်ဖြစ်ပေါ်လာနိုင်သည့်စစ်ပွဲအတွက် ပြင်ဆင်လျက်ရှိပြီး ကာ့ဒ်လက်နက်ကိုင်အဖွဲ့များက စစ်ပွဲအတွင်းပါဝင်လာနိုင်သည့် အလားအလာကိုလည်း ကြိုတင်တွက်ဆလျက်ရှိသည်ကိုတွေ့ရသည်။ အကြောင်းမှာ အဆိုပါ ကာ့ဒ်တပ်ဖွဲ့များသည် စစ်သွေးကြွတိုက်ဖျက်ရေးစစ်ဆင်မှုများအတွင်း အမေရိကန်နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့သည့် လက်နက်ကိုင်တပ်ဖွဲ့များဖြစ်သောကြောင့်ဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း အမေရိကန်တို့နှင့် ဆက်ဆံရေးကောင်းမွန်နေသည့် အဆိုပါကာ့ဒ်တပ်များသည် အီရန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည်ဟူသော သတင်းများလည်း ထွက်ပေါ်လာချိန်မှစ၍ အီရန်နိုင်ငံက သတိထားလာခြင်းလည်းဖြစ်သည်ဟု ဆိုနိုင်သည်။

ထိုသို့သော အခြေအနေများအတွင်း မှာပင် အီရန်နိုင်ငံအနေဖြင့် ဆက်လက်ထွက်ပေါ်လာနိုင်သည့် ပြင်းထန်သော စစ်ပွဲများအား အနည်းဆုံးခြောက်လကြာ ဆင်နွှဲနိုင်စွမ်းရှိကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အလီမိုဟာမက်နာအီနီက ပြောကြားထားသည်။

ထို့အတူ လက်ရှိတွင် အီရန်နိုင်ငံ၏ လက်နက်သိုလှောင်ရုံများအတွင်း၌ ပဲ့ထိန်းဒုံးကျည်များ၊ ခရုစ်ဒုံးကျည်များနှင့် တာဝေးပစ်ဒုံးကျည်များအပါအဝင် ဒုံးကျည်အမြောက်အမြားရှိနေသေးကြောင်း နာအီနီက ဆက်လက်ပြောကြားထားသည်။

လက်ရှိတွင် အမေရိကန်နှင့်အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံအပေါ် လေကြောင်းမှ အပြင်းအထန်တိုက်ခိုက်လျက်ရှိသော်လည်း အီရန်တပ်မတော်အနေဖြင့် လက်နက်အဖြစ်ထုတ်လုပ်နိုင်သည့် ယူရေနီယံသတ္တုများကို သန့်စင်နိုင်ခြင်းမပြုမီ အီရန်နိုင်ငံအတွင်းသို့ မြေပြင်တပ်ဖွဲ့များ စေလွှတ်ရန် စီစဉ်နေသည်။

အမေရိကန်သတင်းဌာနကြီးတစ်ခု၏ ထုတ်ပြန်ချက်အရ အီရန်နိုင်ငံသည် ၆၀ ရာခိုင်နှုန်း သန့်စင်ပြီးယူရေနီယံများကို ပိုင်ဆိုင်ထားပြီး ၎င်းတို့အားအသုံးပြုခြင်းအားဖြင့် သီတင်းပတ်အနည်းငယ်အတွင်းမှာပင် နျူကလီးယားဗုံး ၁၁ လုံးထုတ်လုပ်နိုင်သည်ဟုဆိုထားသည်။

ထို့ကြောင့် လက်ရှိအခြေအနေကို ကြည့်မည်ဆိုပါက အမေရိကန်နှင့်အစ္စရေးတို့သည် အီရန်နိုင်ငံအပေါ် လေကြောင်းမှ အပြင်းအထန်တိုက်ခိုက်နေသော်လည်း စိုးရိမ်မကင်းမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိနေသည်ကို ရှင်းလင်းစွာတွေ့ရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အီရန်၏ အစွမ်းထက်ဒုံးကျည်များက အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်၏မဟာမိတ်နိုင်ငံများအတွင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကို အဓိကပစ်မှတ်ထားနေခြင်းကြောင့် အီရန်အနေဖြင့် တစ်စိတ်တစ်ပိုင်းသန့်စင်ပြီးယူရေနီယံများကို အသုံးမပြုနိုင်ရေးအတွက် အမေရိကန်နှင့် အစ္စရေးတို့က မြေပြင်တပ်ဖွဲ့များကို အီရန်သို့ စေလွှတ်ရန် ဆန္ဒပြင်းပြနေခြင်းဖြစ်သည်။

သို့သော် အမေရိကန်နှင့် အစ္စရေးတို့အနေဖြင့် ထိုသို့လုပ်ဆောင်မည်ဆိုပါက သတိကြီးစွာထားရှိရန် စစ်ရေးကျွမ်းကျင်သူများက သတိပေးထားသည့်အပြင် အမေရိကန်စီအိုင်အေမှ အရာရှိဟောင်းတစ်ဦးကလည်း အီရန်အပေါ်တိုက်ခိုက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အမေရိကန်နှင့်အပေါင်းအပါတို့အား သတိထားပြီးလုပ်ဆောင်ရန် အစောပိုင်းကတည်းက အကြံပြုထားသည်။

ထို့ကြောင့် အီရန်နိုင်ငံအတွင်းသို့ မြေပြင်တပ်ဖွဲ့များ စေလွှတ်မည်ဆိုပါက မည်သို့မည်ပုံ ဆက်လက်ဖြစ်ပွားမည်ကို အမေရိကန်၏ ဥရောပ မဟာမိတ်နိုင်ငံများအပြင် အရှေ့အလယ်ပိုင်းရှိ မဟာမိတ်အာရပ်နိုင်ငံများက စိတ်ဝင်တစားစောင့်ကြည့်နေမည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

Ref: Iv, Jp

# အီရတ်နိုင်ငံရှိ အစ္စလာမ်မစ်ခုခံရေးအဖွဲ့က ၂၄ နာရီအတွင်း ရန်သူ့အခြေစိုက်စခန်းများကို ၂၄ ကြိမ်တိုက်ခိုက်

အီရန်အစိုးရအားလိုလားသည့် အီရတ်ပြည်သူ့စစ်အဖွဲ့များကို စုစည်းထားသည့် အီရတ်နိုင်ငံရှိ အစ္စလာမ်မစ်ခုခံရေးအဖွဲ့သည် ပြီးခဲ့သည့် ၂၄ နာရီအတွင်း အီရတ်နိုင်ငံနှင့် ဒေသအတွင်းရှိ ရန်သူ့အခြေစိုက်စခန်းများကို ၂၄ ကြိမ်တိုက်ခိုက်ခဲ့ကြောင်း အဆိုပါခုခံရေးအဖွဲ့က မတ်လ ၈ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါတိုက်ခိုက်မှုများတွင် အီရတ်နိုင်ငံရှိ အစ္စလာမ်မစ်ခုခံရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရန်သူ့စစ်အခြေစိုက်စခန်းများအား ဒုံးကျည်နှင့် ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသော်လည်း ၎င်းတို့တိုက်ခိုက်ခဲ့သည့် ပစ်မှတ်အသေးစိတ် သို့မဟုတ် ထိခိုက်သေဆုံးမှုများနှင့် ပတ်သက်၍မူ အသေးစိတ်ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

အဆိုပါခုခံရေးအဖွဲ့သည် ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်းကလည်း အလားတူ တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

အီရတ်နိုင်ငံရှိအစ္စလာမ်မစ်ခုခံရေးအဖွဲ့၏တိုက်ခိုက်မှုများသည် အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ပူးပေါင်းပြီး အီရန်နိုင်ငံအပေါ် တိုက်ခိုက်မှုများ လုပ်ဆောင်ပြီးနောက်ပိုင်းတွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။

Ref: Xinhua



# သတိပေးသည့်အနေဖြင့် အာရပ်စော်ဘွားများပြည်ထောင်စုက အီရန်အားပထမဆုံးအကြိမ်တိုက်ခိုက်

အရှေ့အလယ်ပိုင်းဒေသတွင် စစ်ရေးတင်းမာမှုများ ပိုမိုမြင့်တက်လာနေစဉ် အာရပ်စော်ဘွားများပြည်ထောင်စုက အီရန်နိုင်ငံအား သတိပေးသည့်အနေဖြင့် ပထမဆုံးအကြိမ်တိုက်ခိုက်လိုက်သည်ဟု အစ္စရေးမီဒီယာတစ်ခုက မတ်လ ၈ ရက်တွင် ထုတ်ပြန်သည်။

အာရပ်စော်ဘွားများပြည်ထောင်စု တပ်မတော်သည် အီရန်နိုင်ငံအတွင်းရှိဆားငန်ရေမှရေချိုထုတ်လုပ်သည့် စက်ရုံတစ်ရုံကိုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုသည် အာရပ်စော်ဘွားများပြည်ထောင်စုအပေါ် အီရန်၏တိုက်ခိုက်မှုများဆက်လက်မြင့်တက်လာမည်ဆိုပါက ၎င်းတို့အနေဖြင့် အီရန်အားတိုက်ခိုက်နေသည့်နိုင်ငံများဖြစ်သည့် အမေရိကန်နှင့် အစ္စရေးတို့နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းကို သတိပေးခြင်းဖြစ်ကြောင်းသိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် မတ်လ ၈ ရက် တစ်နေ့တည်းမှာပင် အီရန်မှ ပစ်ခတ်လိုက်သည့် ပဲ့ထိန်းဒုံးကျည် ၁၆ စင်းနှင့် ဒရုန်း ၁၁၃ စင်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း သိရသည်။

Ref: Iv, Xinhua






## စုစုပေါင်းဂျီဒီပီတန်ဖိုးအရ ရုရှားက ကမ္ဘာပေါ်တွင် အဋ္ဌမအဆင့်၌ရပ်တည်

မော်စကို၊ စီးပွားရေး

ရုရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် စုစုပေါင်း ဂျီဒီပီတန်ဖိုးအရ ကမ္ဘာပေါ်တွင်အဋ္ဌမအဆင့် ၌ရပ်တည်ခဲ့ကြောင်း ရုရှားအမျိုးသားစာရင်း အင်းဌာနများ၏ အချက်အလက်များကို ကိုးကား၍ ရုရှား RIA Novosti သတင်းဌာန က မတ်လ ၈ ရက်တွင်ဖော်ပြသည်။

ရုရှားအမျိုးသားစာရင်းအင်းဌာန၏ပထမ အကြိမ်ခန့်မှန်းချက်အရ ရုရှားနိုင်ငံ၏စီးပွား ရေးသည်ရူဘယ်၂၁၃ ဒသမ၅ထရီလီယံအထိ မြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ အားဖြင့် ၂ ဒသမ ၅ ထရီလီယံကျော်အထိ ရောက်ရှိလာသည်။ ထို့ကြောင့် ရုရှားနိုင်ငံ သည် ၂၀၂၂ ခုနှစ်နောက်ပိုင်းမှစ၍ ပထမဆုံး အကြိမ်အဖြစ် ကမ္ဘာ့စီးပွားရေးအင်အား အကြီးဆုံးနိုင်ငံကြီး ၁၀ နိုင်ငံစာရင်းအတွင်း သို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

သုံးနှစ်တာကာလအတွင်း ရုရှားနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၁၀ ရာခိုင်နှုန်း နီးပါးအထိရှိခဲ့ကြောင်း ရုရှားသမ္မတ ဗလာ ဒီမာပူတင်က ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း ၌ ပြောကြားထားသည်။

ဂျီဒီပီအရ ကမ္ဘာ့စီးပွားရေးအင်အား အကြီးဆုံးနိုင်ငံကြီး ၁၀ နိုင်ငံစာရင်းတွင် အမေရိကန်ပြည်ထောင်စုသည် ဒေါ်လာ ၃၀ ဒသမ ၈ ထရီလီယံဖြင့် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိပြီး တရုတ်နိုင်ငံ က ဒေါ်လာ ၁၉ ဒသမ ၈ ထရီလီယံဖြင့် ဒုတိယနေရာနှင့် ဂျာမနီနိုင်ငံက ဒေါ်လာ ၅ ဒသမ ၀၅ ထရီလီယံဖြင့် တတိယနေရာ တွင် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ **Ref: Ta**

## ဂရိနိုင်ငံအနောက်မြောက်ပိုင်းတွင် ပြင်းအား ၅ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခတ်၊ လူနေအိမ်နှင့် အဆောက်အအုံအများအပြားပျက်စီး

အေသင်၊ သဘာ၀ဘေး

ဂရိနိုင်ငံအနောက်မြောက်ပိုင်းတွင် မတ်လ ၈ ရက်အစောပိုင်းက ပြင်းအား ၅ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ် သွားခဲ့ရာ လူနေအိမ်များ၊ ဘာသာရေး အဆောက်အအုံများနှင့် အစိုးရအဆောက် အအုံများပျက်စီးသွားကြောင်း ဒေသန္တရ အာဏာပိုင်များက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အေသင်မြို့ အနောက်မြောက်ဘက် ၃၃၀ ကီလိုမီတာ နှင့် ၃၈၀ ကီလိုမီတာခန့်အကွာရှိသက်စပရို တီးယားနှင့် အိုင်ယွန်နီနာဒေသတို့တွင် အပျက်အစီးအများအပြားဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂရိနိုင်ငံပိုင် ERT ရုပ်သံလိုင်း၏ ဖော်ပြချက်အရ ငလျင်ဗဟိုချက်အနီးရှိ ဆူလီမြူနီစီပယ်နယ်မြေအတွင်းရှိ ပိုလီ ဒရိုဆိုကျေးရွာတွင်ပျက်စီးဆုံးရှုံးမှုများ ဦးစွာ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ ထို့ပြင် အဆိုပါ ကျေးရွာရှိ ကျောင်းဟောင်းတစ်ခုနှင့် လူနေအိမ်အများအပြားလည်း ငလျင်ဒဏ် ကြောင့် ထိခိုက်ပျက်စီးသွားသည်။

ထို့အတူ ငလျင်လှုပ်ခတ်မှုဖြစ်ပွား ပြီးနောက် နောက်ဆက်တွဲတုန်ခါမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဒေသခံ ပြည်သူများမှာ စိုးရိမ်မကင်းဖြစ်လျက်ရှိပြီး လူနေအိမ်များပျက်စီးသွားသည့် ပြည်သူ များကို ဟိုတယ်တစ်ခုတွင် ယာယီနေရာ ချထားပေးမည်ဟု အာဏာပိုင်များက ပြော ကြားထားကြောင်းသိရသည်။ **Ref: Xinhua**



## တရုတ်နှင့်ရုရှားတို့အကြား အပြန်အလှန်ယုံကြည်မှုမြင့်မားလျက်ရှိသောကြောင့် ပြင်ပမှရန်စမှုများကိုကြောက်ရွံ့ခြင်းမရှိဟု တရုတ်ပြော

ပေကျင်း၊ နိုင်ငံရေး



တရုတ်နှင့် ရုရှားနိုင်ငံတို့ကြားတွင် နိုင်ငံ ရေးအရ အပြန်အလှန်ယုံကြည်မှုမြင့်မား လျက်ရှိသောကြောင့် ပြင်ပမှမည်သို့သော ရန်စမှုများကိုမျှ ကြောက်ရွံ့ခြင်းမရှိဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားသည်။

မိမိတို့နိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား တွင် အလွန်ခိုင်မာသည့်နိုင်ငံရေးဆိုင်ရာ အပြန်အလှန်ယုံကြည်မှုရှိသည့် အပြင် အပြန်အလှန်အမှီသဟဲပြုပြီး ရပ်တည်နေ သည့်ဆက်ဆံရေးသည် တရုတ်-ရုရှား ဆက်ဆံရေး၏အနှစ်သာရဖြစ်လာကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြင်ပမှရန်စမှု နှင့် ဖိအားပေးခြင်းမျိုးကို ကြောက်ရွံ့မှုမရှိ ကြောင်း ဝမ်ယိကပြောခြင်းဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် မျှတသော နိုင်ငံတကာစီးပွားရေးစနစ်ကို ထိန်းသိမ်းရန် ကြိုးပမ်းမည်ဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ စံချိန်စံနှုန်းများအပေါ်အခြေခံသည့် ဘက်စုံကုန်သွယ်ရေးစနစ်အတွက် ရပ်တည် သွားရန်ရည်ရွယ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အတူ လက်ရှိနိုင်ငံတကာအခြေအနေ များတွင် စိန်ခေါ်မှုများပြားပြီး ပြောင်းလဲမှု များရှိနေသော်လည်း ရုရှားနှင့် တရုတ်နိုင်ငံ တို့ကြားဆက်ဆံရေးမှာ အလွန်ခိုင်မာနေဆဲ ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း ဗိုလ်ကျစိုးမိုးရေးဝါဒနှင့် မိမိအကျိုးအတွက် သူတစ်ပါးကိုထိခိုက်စေသည့်လုပ်ဆောင် ချက်မျိုးကို ထောက်ခံမည်မဟုတ်ကြောင်း လည်း ဝမ်ယိက ထပ်လောင်းပြောကြားခဲ့ ကြောင်း သိရသည်။ **Ref: Ta**

## ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိ ရွှေချောင်းများနှင့်ငွေကြေးများကို ယူကရိန်းနိုင်ငံသို့ပြန်လည်လွှဲပြောင်းပေးရန်တောင်းဆိုချက်အား ဟန်ဂေရီငြင်းဆို




ဘူဒါပက်၊ ရာဇဝတ်မှု

ဟန်ဂေရီနိုင်ငံက သိမ်းဆည်းထားသည့် ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိ ရွှေ ချောင်းများနှင့် ငွေကြေးများကို ယူကရိန်း နိုင်ငံသို့ပြန်လည်လွှဲပြောင်းပေးရန် ယူကရိန်း နိုင်ငံပိုင်ဘဏ်က မတ်လ ၈ ရက်တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဟန်ဂေရီအစိုးရသည် ယူကရိန်းနိုင်ငံသို့ မောင်းနှင်လာသည့် မော်တော်ယာဉ်များနှင့် အဖိုးတန်ပစ္စည်းများကို တရားမဝင်ဖမ်းဆီး ၍ ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ပြီး အဆိုပါငွေသယ်ယာဉ်များနှင့် ယာဉ်များပေါ် တွင်ပါရှိသည့် အဖိုးတန်ပစ္စည်းအားလုံးကို အပြည့်အဝပြန်လည်ပေးအပ်ရန် တောင်းဆို သည်ဟု ယူကရိန်းနိုင်ငံ၏ဒုတိယအကြီးဆုံး နိုင်ငံပိုင်ဘဏ်ဖြစ်သည့် အော့ချာဘဏ်က ဟန်ဂေရီနိုင်ငံအား တောင်းဆိုခဲ့ခြင်းဖြစ် သည်။

ဟန်ဂေရီအစိုးရသည် ယူကရိန်းစစ်ပွဲ နှင့်ဆက်နွှယ်နေသည့် ဒေါ်လာသန်းပေါင်း များစွာတန်ဖိုးရှိ ရွှေချောင်းများနှင့် ငွေကြေး များကိုသိမ်းဆည်းရမိခဲ့ပြီး တရားမဝင် ငွေကြေးနှင့် ရွှေချောင်းများကို သယ်ယူ ပို့ဆောင်ပေးခဲ့သည့် ယူကရိန်းနိုင်ငံသား အချို့ကိုပါ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သိမ်းဆည်းရမိခဲ့သည့် ပစ္စည်းများတွင် ခန့်မှန်းခြေ ကိုးကီလိုရှိ ရွှေချောင်းများ၊ အမေရိကန်ဒေါ်လာနှင့် ယူရိုငွေစုစုပေါင်း သန်း ၈၀ ခန့်ပါဝင်ပြီး ဟန်ဂေရီအစိုးရက ယူကရိန်းနိုင်ငံ၏တောင်းဆိုချက်ကို ငြင်းဆို ထားကြောင်း သိရသည်။ **Ref: RT**

## ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

အစ္စလာမ်မာဘတ်၊ အကြမ်းဖက်မှု

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပက်တွန်ခဝါပြည်နယ်တွင် ပေါက်ကွဲ မှုတစ်ခုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး ပြီး ရဲတပ်ဖွဲ့ဝင်နှင့် အရပ်သား ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြား သည်။

အဆိုပါပေါက်ကွဲမှုသည် မတ်လ ၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် တောင်ဘက် ဝါဇီရစ္စတန်မျိုးနွယ်စုဒေသရှိ ဈေးအတွင်း၌ ရဲတပ်ဖွဲ့ဝင်များ ပုံမှန်ကင်းလှည့် နေစဉ်ဖြစ်ပွားခြင်းဖြစ်ကြောင်း ဝါနာမြို့နယ် ရဲတပ်ဖွဲ့မှအရာရှိတစ်ဦးဖြစ်သူ အက်စ်ဂါ အလီရှာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထို့ပြင် အဆိုပါပေါက်ကွဲမှုသည် လူစည်ကားရာအရပ်ရှိ စူပါမားကတ်တစ်ခု ၏ပင်မဝင်ပေါက်အနီးတွင် ထောင်ထား သည့် လက်လုပ်မိုင်း (IED) ပေါက်ကွဲခြင်း ကြောင့်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ ကြပြီး ဒဏ်ရာရရှိသူများကို အနီးနားရှိ ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရ သည်။ **Ref: Xinhua**

# ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ ငွေ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ




နေပြည်တော် မတ် ၈

၂၀၂၅ ခုနှစ် မတ်လ ၂၀ ရက်မှ ၂၅ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ကျင်းပသည်။


ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ အီတလီနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာအသင်းအနေဖြင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အမျိုးသား+ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ၊အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင်ငွေတံဆိပ်တစ်ခုစီနှင့်အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်လေးခုရရှိခဲ့ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်ယခုလို အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရယူပေးနိုင်ခြင်းသည် နိုင်ငံတော်နှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးခြင်းသာမက နိုင်ငံတော်၏အားကစားအဆင့်အတန်း တိုးတက်မြင့်မားခြင်းကို ဖော်ဆောင်နိုင်ခြင်းဖြစ်သည့်အတွက်ယခုလို ဂုဏ်ပြုချီးမြှင့်ပေးရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်အနေဖြင့် စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် ၁၉၉၁ ခုနှစ်မှစတင်၍ ယနေ့ထိ ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ် ၂၀ ကျော်၊ ကြေးတံဆိပ် ၃၀ ကျော်၊ အာရှအဆင့်ပြိုင်ပွဲများမှာ ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ် ၁၀ ခုနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၂၀ ခု၊ ကြေးတံဆိပ် ၃၀ ကျော်ထိ ဆွတ်ခူးရရှိထားပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယနေ့ထိ ရွှေတံဆိပ် ၂၈ ခု၊ ငွေတံဆိပ် ၅၀ ကျော်၊ ကြေးတံဆိပ် ၆၀ ကျော်ထိ ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်ယောက်တွဲ အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ယမုံဇင်၊ ခင်နှင်းဝေနှင့် ဖြူဖြူသန်းတို့အတွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း၊ ဆုရရှိသူအသီးသီးအား တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရအားကစားသမားများကိုယ်စား ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခု ဆွတ်ခူးရယူပေးခဲ့သည့် အားကစားသမား ခင်နှင်းဝေက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ ယနေ့ကျင်းပသည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ ငွေ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် စုစုပေါင်း ငွေကျပ် သိန်း ၁၄၄၀ ကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ကြောင်းသိရသည်။ **မြဝတီ**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်




နေပြည်တော် မတ် ၈

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် အမျိုးသမီးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဆောင်ပုဒ်မှာ **"Rights. Justice. Action. For All Women and Girls" "တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး"** ဖြစ်ကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း NSPAW ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ထိရောက်အောင်မြင်ရန်အတွက် Phase II (၂၀၂၃-၂၀၂၂) ကို ဦးဆောင်ကော်မတီတစ်ရပ်နှင့် လုပ်ငန်းကော်မတီ(၁၂)ရပ်ဖွဲ့စည်းပြီး ရေးဆွဲခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကျင်းပပြုလုပ်ခြင်းဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာလုပ်ငန်းများ၏ အရေးကြီးမှုကို ပိုမိုထင်ဟပ်ပေါ်လွင်စေခြင်း၊ အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်နိုင်ခြင်းနှင့် စောင့်ရှောက်မှုများပေးနိုင်ခြင်းဖြင့် ယခုနှစ်ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများ၏စွမ်းရည်များ မြှင့်တင်ပေးနိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမျိုးသမီးငယ်ရွယ်စွမ်းဆောင်ရှင်ဆုရရှိသူများကိုလည်းကောင်း၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်သီတာဇင်က ASEAN Award 2025 ဆု ရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် ပျဉ်းမနားခရိုင်အမျိုးသမီးရေးရာအဖွဲ့က အလှကမ္ဘာမြေတေးသီချင်း၊ မမကိုယ်တိုင်ကတေးသီချင်း၊ ဇေယျာသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ချင်းတို့ဌာနေတေးသီချင်းနှင့်နေပြည်တော်ကလေးပြုစုရေးဌာန သမီးငယ်လေးများက ရက်မြတ်မင်္ဂလာတေးသီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**ပုဗ္ဗသီရိမြို့နယ်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများနှင့် တည်းခိုနေထိုင်မည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်

ရေနံချောင်း မတ် ၈

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ယနေ့နံနက်ပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနိုင်စေရေးအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများနှင့် တည်းခိုနေထိုင်မည့်နေရာများအား စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ရေနံချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနတို့တွင်လည်းကောင်း၊ ကျေးရွာများမှကျောင်းသား၊ ကျောင်းသူများ တည်းခိုနေထိုင်မည့် ဝက်ချုပ်အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ အခြေခံပညာမူလတန်းကျောင်း(မြို့မ)၊ အခြေခံပညာမူလတန်းကျောင်း(စနေနံ)၊ ရန်မျိုးအောင်ရိပ်သာတို့တွင်လည်းကောင်း စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ၏ လုံခြုံရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိသော ပတ်ဝန်းကျင်ဖြစ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ရေကောင်းရေသန့်ရရှိရေးနှင့် အခြားလိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးနှင့်ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၂၅၀ ဦးခန့်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၀၂)



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉˚င | / | ၃၆˚င |
| ရန်ကုန် | ၂၁˚င | / | ၃၆˚င |
| မန္တလေး | ၂၂˚င | / | ၃၈˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အမြို့မြို့အနယ်နယ်၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားများကျင်းပ

## ဘားအံ



၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်လေးများက ကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပုသိမ်

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားသို့တက်ရောက်ပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်ရှစ်ခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့တို့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်း၊ ပုသိမ်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်တို့မှ ထွက်ရှိသော အမျိုးသမီးများ၏လက်မှုထုတ်ကုန်ပစ္စည်းများ၊ ပုသိမ်မြို့နှင့်ဖျာပုံမြို့ရှိအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၏ လက်မှုပစ္စည်းများ၊ ကရင်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှလက်မှုထုတ်ကုန်များအား ကြည့်ရှုအားပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လွိုင်ကော်

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးစိန်ဦးနှင့်တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## ထားဝယ်



"တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး"ဟူသောဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ်အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ကြီး




၂၀၂၆ ခုနှစ်အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ရှမ်းပြည်နယ်အမျိုးသမီးကော်မတီနှင့် ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ဆုရရှိခဲ့သူသုံးဦးအား ဆုများပေးအပ်ချီးမြှင့်ပြီး ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မကွေး

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးမူကြိုကလေးငယ်လေးများမှ "ရေအိုးကိုယ်စီ " သီချင်း၊ ကလေးပြုစုရေးဌာနမှ "အောင်ပါစေ "သီချင်း၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ သမီးပျိုလေးများမှ "ဗမာမလေးပါရှင့်" သီချင်းများဖြင့်ဖျော်ဖြေတင်ဆက်ကြပြီး ဖျော်ဖြေတင်ဆက်ကြသော သားငယ်၊ သမီးငယ်လေးများနှင့် သမီးပျိုလေးများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ရန်ကုန်



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီကကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးတို့က စီးပွားရေးထူးချွန်အမျိုးသမီးများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**



# တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှုနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးစစ်ဆေး



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စာဖြေဌာနများပြင်ဆင်ထားရှိမှုများကို မတ်လ ၇ ရက်နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးစဉ်။

နေအောင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် ပြင်ဆင်ထားမှုအခြေအနေများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက မတ်လ ၈ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲစိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့်မီးဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မတ်လ ၇ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

မျိုးညွန့်ရွှေ(မိုးနဲ)



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်စာစစ်ဌာနကျောင်းပတ်ဝန်းကျင် မီးဘေးလုံခြုံရေးအတွက် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သောမီးသတ်တပ်ဖွဲ့ဝင်များက မတ်လ ၇ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။

ရဲဝင်းနိုင်(ညောင်ဦး)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ယခုနှစ် စွမ်းဆောင်ရည်အကောင်းဆုံးဥရောပထိပ်တန်း ၁၀ သင်းစာရင်းတွင် အာဆင်နယ်အသင်း ထိပ်ဆုံး၌ဦးဆောင်နေ



လန်ဒန် မတ် ၈

ဘောလုံးလောကတွင် ကလပ်အသင်းများ၊ ကစားသမားများ၏ စွမ်းဆောင်ရည်ပိုင်းများကို စစ်တမ်းကောက်ယူဖော်ပြလျက်ရှိသည့် Opta အဖွဲ့အစည်း၏ စစ်တမ်းကောက်ဖော်ပြချက်အရ ယခုနှစ် စွမ်းဆောင်ရည်အကောင်းဆုံး ဥရောပကလပ်အသင်း ၁၀ သင်းစာရင်းတွင် အာဆင်နယ်အသင်းက ထိပ်ဆုံး၌ဦးဆောင်နေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ကလပ်အသင်းခြောက်သင်းအထိ ပါဝင်လာကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်ကောင်းများရရှိနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း မန်စီးတီးအသင်းကို ရမှတ် ခုနစ်မှတ်ဖြတ်တောက်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ထို့ပြင် ချန်ပီယံဆုဆွတ်ခူးနိုင်ရန်အတွက်လည်း နီးစပ်နေပြီးနောက် စွမ်းဆောင်ရည်အကောင်းဆုံးကလပ်အသင်းအဖြစ် ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

Opta အဖွဲ့အစည်း၏ စစ်တမ်းကောက်ဖော်ပြချက်အရ စွမ်းဆောင်ရည်အကောင်းဆုံးဥရောပကလပ်အသင်း ၁၀ သင်းစာရင်းတွင် အာဆင်နယ်အသင်း၏နောက်မှ မန်စီးတီးအသင်းက အဆင့်(၂)၊ ဘိုင်ယန်မြူးနစ်အသင်းက အဆင့်(၃)၊ လီဗာပူးအသင်းက အဆင့်(၄)၊ ချယ်လ်ဆီးအသင်းက အဆင့်(၅)၊ ဘာစီလိုနာအသင်းက အဆင့်(၆)၊ ပီအက်စ်ဂျီအသင်းက အဆင့်(၇)၊ အက်စ်တွန်ဗီလာအသင်းက အဆင့်(၈)၊ မန်ယူအသင်းက အဆင့်(၉)နှင့် ရီးယဲလ်မက်ဒရစ်အသင်းက အဆင့် (၁၀)နေရာ၌ ရပ်တည်နေပြီး စီးရီးအေပြိုင်ပွဲမှ ကလပ်အသင်းတစ်သင်းမျှ ပါဝင်ခြင်းမရှိကြောင်း သိရသည်။

*Ref;Opta.com*

# ပီအက်စ်ဂျီအသင်းမှထွက်ခွာရန်အစီအစဉ်မရှိကြောင်း အဓိကကွင်းလယ်ကစားသမား ဗီတင်ဟာ အတည်ပြုပြောကြား

ပဲရစ် မတ် ၈

ပီအက်စ်ဂျီအသင်း အဓိကကွင်းလယ်ကစားသမား ဗီတင်ဟာက အသင်း၌ ပျော်ရွှင်နေသည့်အတွက် အသင်းမှထွက်ခွာရန် အစီအစဉ်မရှိကြောင်း အတည်ပြုပြောကြားသည်။

အသက် ၂၆ နှစ်အရွယ် ဗီတင်ဟာသည် ၂၀၂၂ ခုနှစ်က ပေါ်တိုအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လက်ရှိ ဥရောပထိပ်တန်းလိဂ်များ၌ အကောင်းဆုံး ကွင်းလယ်ကစားသမားများထဲတွင် တစ်ဦးအပါအဝင်အဖြစ်ရပ်တည်နေသူဖြစ်သည်။

ဗီတင်ဟာက "ကျွန်တော် ပီအက်စ်ဂျီအသင်းမှာ ပျော်ရွှင်နေပါတယ်။ ကျွန်တော့်မိသားစုလည်း ပဲရစ်မှာပျော်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အသင်းကနေထွက်ခွာဖို့ အစီအစဉ်မရှိပါဘူး။ အသင်းမှာပဲ ဆက်ပြီးကစားသွားမှာပါ။ ပီအက်စ်ဂျီအသင်းက ဥရောပထိပ်တန်းအသင်းတွေထဲကတစ်သင်းပါ"ဟု ပြောကြားခဲ့သည်။

ဗီတင်ဟာသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ဖလား၊ ပြင်သစ်လီဂူးဖလားများအပါအဝင် ဆုဖလားများဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး ၂၀၂၅ ခုနှစ် Ballon d’Or ဆုအတွက် အဆင့်သတ်မှတ်ချက်တွင်လည်း ဒမ်ဘီလီနှင့် အမ်ဘတ်ပီတို့နောက်တွင် တတိယနေရာ၌ ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ကွင်းလယ်ပိုင်းလိုအပ်ချက်များရှိနေသည့် ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဗီတင်ဟာကိုခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့သည့်အတွက် ဗီတင်ဟာက ၎င်းနှင့်ပတ်သက်၍ ထွက်ပေါ်နေသည့်သတင်းများကိုငြင်းဆိုခဲ့ပြီး ပီအက်စ်ဂျီအသင်း၌သာ ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမား ဂရင်းဝုဒ် မာဆေးလ်အသင်းမှ ထွက်ခွာဖွယ်ရှိ



ပဲရစ် မတ် ၈

မာဆေးလ်အသင်း တိုက်စစ်ကစားသမားဂရင်းဝုဒ်သည် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် ဂရင်းဝုဒ်သည် မန်ယူအသင်း၌ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း နေအိမ်အကြမ်းဖက်မှုဖြင့် အမှုရင်ဆိုင်ခဲ့ရပြီးနောက် အသင်း၌ ကစားခွင့်မရရှိသည့်အတွက် ၂၀၂၃ ခုနှစ်က ဂီတာဖေးအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

သို့သော် ဂရင်းဝုဒ်သည် ဂီတာဖေးအသင်း၌ တစ်ရာသီသာကစားခဲ့ပြီး ၂၀၂၄ ခုနှစ်က မာဆေးလ်အသင်းထံ အပြီးသတ်ပြောင်းရွှေ့ကစားခဲ့သည်။ ဂရင်းဝုဒ်သည် အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၃၆ ပွဲ ကစားခဲ့ကာ ၂၂ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက်ဘောလုံးရာသီတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ်ရပ်တည်နေသည့် ကစားသမားဟောင်း ဒရော့ဘာ၏သွင်းဂိုးစံချိန်ကိုကျော်ဖြတ်နိုင်ခဲ့သူဖြစ်သည်။

ဂရင်းဝုဒ်သည် ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ပြိုင်ပွဲစုံ ၃၆ ပွဲကစားပြီးချိန်တွင် ၂၄ ဂိုးသွင်းယူနိုင်သော်လည်း အသင်းမှ နည်းပြဒီဇာဘီထွက်ခွာပြီးနောက် ၎င်းကလည်း ရာသီအကုန်တွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မာဆေးလ်အသင်းမှ နည်းပြ ဒီဇာဘီထွက်ခွာခဲ့မှုနှင့်အတူ မာဆေးလ်အသင်းသည်လည်း လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်မည့်အခြေအနေတွင်ရှိနေသည့်အတွက် ဂရင်းဝုဒ်က ၎င်းနှင့်အတူ အသင်းမှ အဓိက ကစားသမားအများစု အသင်းမှထွက်ခွာရန်ပြင်ဆင်နေသည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂရင်းဝုဒ်အနေဖြင့် မာဆေးလ်အသင်းမှထွက်ခွာပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ကလပ်အသင်းတစ်သင်းထံ ပြန်လည်ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မန်ယူအသင်းက လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အူဂါတေးကို ရောင်းချမည်

မန်ချက်စတာ မတ် ၈

မန်ယူအသင်းက ကွင်းလယ်ကစားသမား အူဂါတေးကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် အူဂါတေးသည် ၂၀၂၄ ခုနှစ်က ပီအက်စ်ဂျီအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် မန်ယူအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

မန်ယူအသင်းသည် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်းကို ကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေပြီး ကွင်းလယ်ပိုင်းမှ ကက်စ်မဲရိုးအနေဖြင့် ရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့်အပြင် အူဂါတေးနှင့် မေဆင်မောင့်တို့ကိုလည်း ရောင်းချရန်ဆုံးဖြတ်ထားကာ ကိုဘီမိုင်နူးကို သက်တမ်းတိုးစာချုပ်ချုပ်ဆို၍ အသင်း၌ ဆက်လက်ထိန်းထားရန် စီစဉ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လားရှိုးမြို့၌ အဆင့်မြင့်ပညာအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပ



**လားရှိုး မတ် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လားရှိုးပညာရေးဒီဂရီကောလိပ်တို့ပူးပေါင်း၍ အဆင့်မြင့်ပညာအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲကို မတ်လ ၇ ရက်က လားရှိုးမြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး) ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းထွန်းနေလှိုင်က ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ လားရှိုးပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက မျိုးချစ်စိတ်ဓာတ်မြှင့်တင်ရန်နှင့် လူငယ်များ၏ အခန်းကဏ္ဍ၊ လူငယ်များ၏ခွန်အားနှင့် နိုင်ငံတော်၏အနာဂတ်၊ လူငယ်အနာဂတ် လှပဖို့ မျိုးချစ်စိတ်ဓာတ်မြှင့်တင်စို့ စသည့် ခေါင်းစဉ်များဖြင့် အသီးသီးပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြော

**မြို့သစ် မတ် ၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအား ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို မတ်လ ၈ ရက်တွင် ညောင်ကုန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုးက မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြောကြားသည်။


ဆက်လက်၍ မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူအောင်က ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးအကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ညောင်ကုန်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**အထွေး**






# ဟိုပုံးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

**ဟိုပုံး မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးပေးခြင်းကို မတ်လ ၈ ရက်တွင် ပေါင်လင်းကျေးရွာအုပ်စု ထီဆိုင်းကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က ထီဆိုင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် ၇၀၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာအဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထီဆိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၄၇ ဦးအတွက် ရန်ပုံငွေ ငွေကျပ် ၇၀၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

# ငပုတောမြို့နယ်၌ ဆောင်းသီးနှံမြေပဲကေ ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

**ငပုတော မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲကေ ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်၌ ဆောင်းမြေပဲလျာထားကေ ၈၃၀၇ ကေကို ၂၀၂၅ ခုနှစ်အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာခိုင်နှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ ထိုသို့ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မြေပဲစိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ရှိသူတွေ ကြိုတင်တွေ့ဆုံပြီး ဆွေးနွေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေကို ဒေသခံတွေ စားသုံးနိုင်ဖို့နဲ့ ဒေသတွင်း စားသုံးဆီ ပိုလျှံတဲ့အခါ နိုင်ငံတော်ရဲ့ စားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ရည်ရွယ်ပြီးစိုက်ပျိုးတာပါ။ ဆီထွက်သီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ပံ့ပိုးပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းကပြောသည်။

ငပုတောမြို့နယ်၌ ဆောင်းမြေပဲများ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ ဆောင်ရွက်ပေးခြင်း၊ မြေပဲမျိုးစေ့ရွေးချယ်မှုမှန်ကန်စေရန် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေရန် ဆောင်ရွက်ပေးခြင်း၊ ပိုးသတ်ဆေးသုံးစွဲနည်းများ မှန်ကန်စေရန် ဆောင်ရွက်ပေးခြင်း၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သုတကျော်**


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ပြိုက်မက်မောစွာ အသုံးပြုနေသော
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Tea Mix
Lemon Tea
Black Tea
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

❖ ကမ္ဘာ့နိုင်ငံတော်တော်များများတွင် လူငယ်များကို မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားများဖြစ်လာသည်ကို တွေ့ရမည်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# စက်သုံးဆီဖူလုံမှုအတွက် သီလဝါဆိပ်ကမ်းသို့ စက်သုံးဆီသင်္ဘောများစဉ်ဆက်မပြတ်ရောက်ရှိ

နေပြည်တော် မတ် ၈

မြန်မာနိုင်ငံအနေဖြင့် တင်သွင်းထားရှိပြီးသည့် စက်သုံးဆီများကို သုံးစွဲသူလက်ဝယ်အမှန်တကယ်ရောက်ရှိရေး စိစစ်ကြပ်မတ်ဆောင်ရွက်ခြင်း၊ ပြည်တွင်း၌ စိုးရိမ်စိတ်ဖြင့် စက်သုံးဆီများဝယ်ယူစုဆောင်းခြင်းမဖြစ်ပေါ်စေရေးနှင့် စက်သုံးဆီခြိုးခြံချွေတာသုံးစွဲနိုင်စေရေးတို့ကို အစီအစဉ်ရေးဆွဲကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်သုံးဆီဖူလုံမှုအတွက် စဉ်ဆက်မပြတ် တင်သွင်းလျက်ရှိရာ ယနေ့တွင် သင်္ဘောတင်သွင်းရောက်ရှိမှုအခြေအနေမှာ သီလဝါဆိပ်ကမ်းတွင်ဆိုက်ကပ်ပြီး သင်္ဘောနှစ်စင်း၊ လမ်းခရီးတွင် သင်္ဘောလေးစင်း၊ ဆီတင်လျက်ရှိသည့် သင်္ဘောသုံးစင်းနှင့် ဆီတင်ရန်စောင့်ဆိုင်းလျက်ရှိသည့် သင်္ဘောငါးစင်းဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ



စက်သုံးဆီဖူလုံမှုအတွက် သီလဝါဆိပ်ကမ်းသို့ စက်သုံးဆီသင်္ဘောများထပ်မံရောက်ရှိမှုကို တွေ့ရစဉ်။


ဆောင်းပါး

နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်းအပိုင်း(၁) စာ - ၅ သို့

ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကိုခြိမ်းခြောက်နေသော လေထုညစ်ညမ်းမှု စာ - ၁၃ သို့

နိုင်ငံတကာသတင်း

မျက်မှောက်ကာလ အီရန်နှင့်အရှေ့အလယ်ပိုင်းရေးရာ စာ - ၂၂ သို့


# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို ဂိုးပြတ်သွင်းအနိုင်ယူ




ရန်ကုန် မတ် ၈

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀)ပွဲစဉ် တစ်ပွဲဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် တောင်ကြီးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို ၅ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်သွင်း၍ အနိုင်ယူသွားသည်။

ရှမ်းယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက် **စာမျက်နှာ ၃၀ ကော်လံ ၃** ○

# ပုသိမ်မြို့နယ်၌ ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် စပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ပုသိမ် မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် စပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ပုသိမ်မြို့နယ်၌ စပါးလျာထားဧက ၅၁၄၉၇ ဧကကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၄၀၉၀၄ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ **စာမျက်နှာ ၃၀ ကော်လံ ၁** ■

## ထူးခြားသည့်နေ့အပူချိန်များ

၈-၃-၂၀၂၆

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၄၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| သိမ်ဖြူ | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |